# အမှာ

(၁)

**ပြည်သူ့သူရဲကောင်းများနေ့**။။ဗမာပြည်ကွန်မြူနစ်ပါတီ ကိုကိုးကျွန်းပါတီကော်မတီက သတ်မှတ်လိုက်တဲ့အမည်ပါ။

**ရက်စွဲ**။ ။၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲ အောင်ပွဲခံလိုက်တဲ့ နေ့ဖြစ်တယ်။

**ရည်မှန်းချက်**။ ။ ဒီစာအုပ်ဟာ ဇူလိုင်(၃၁) ရက်ကို ယူလိုက်ပေမယ့် နယ်ချဲ့ဆန့်ကျင်ရေးကာလမှ ယနေ့အထိ ပြည်သူကို ကိုယ်စားပြုပြီး သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထမ်းရွက်သွားတဲ့ သူရဲကောင်းအာဇာနည် အထောင်အသောင်းကို ဂုဏ်ပြုတဲ့ စာအုပ်ပါ

(၂)

ကဗျာဆရာများက ‘ကဗျာ’ထဲမှာ စာလေးတကြောင်း၊ နာမည်လေးတခုလောက်‘တို့’သွားပေမယ့် နောက်ကြောင်းချိကြည့်လိုက်ရင် ဝတ္ထုတပုဒ်စာလောက် တိုးများသွားနိုင်တယ်။

ဒီအထိမ်းအမှတ်ကဗျာစာအုပ်လေး ဖတ်လိုက်ရုံနဲ့ မြန်မာပြည်ဟာ သူရဲကောင်းတွေ ကြွယ်ဝတဲ့ တိုင်းပြည်၊ အာဇာနည်မျိုးဆက်မပြတ်တဲ့ နိုင်ငံအဖြစ် မြင်တွေ့ရပါမယ်။

(၃)

တော်လှန်ရေးအောင်ပွဲရမှ ထုတ်ဖော်ဂုဏ်ပြုရမယ့် အာဇာနည်တွေ ဗကပမှာ အများကြီး ရှိခဲ့တယ်။

တော်လှန်ရေးက မအောင်သေးတော့ ချီးကျူးဂုဏ်ပြုရမယ့်ရက် တရွေ့တည်း ရွေ့ခဲ့ရတယ်။ ဒါကြောင့် အသံတိတ်ပဲ ချီးကျူးဂုဏ်ပြု နေခဲ့ရတယ်။

ဖက်ဆစ်တော်လှန်ရေး အောင်ပွဲရတော့ အတော်အသင့် ချီးကျူးဂုဏ်ပြုနိုင်ခဲ့တယ်။ ဒါပေမဲ့ မပြည့်စုံပါဘူး။

ယူဂျီလုပ်ရင်း ကျဆုံးသူတွေလည်း မနည်းလှဘူး။ ခုအထိ ထုတ်ဖော်လို့ မဖြစ်သေးပါ။ ရင်နာစရာကောင်းလှတယ်။

(၄)

ယခုတကြိမ် ဂုဏ်ပြုနိုင်သူတချို့ကို စုစည်းဂုဏ်ပြုလိုက်ပါပြီ။ ဝေမျှခံစားနိုင်ကြပါစေ။ ။

(စာတည်းအဖွဲ့)

# ကိုကိုးကျွန်း အကျဉ်းစခန်းတိုက်ပွဲ မော်ကွန်း

( မောင်စွမ်းရည် )

*“ရေပတ်လည်၊ ဝိုင်းလျက်ရှိသော
ကုန်းမြေကို
ကျွန်းဟုခေါ်သည်”–တဲ့။
*‘ကျွန်း’ရဲ့ အဓိပ္ပာယ်
ဒို့ငယ်စဉ်ခါက၊ ဖတ်စာထဲမှာ
ဒီအတိုင်းပါ လို့၊ ဒီအတိုင်းဖတ်
ဒီအတိုင်းမှတ်ပြီး၊ ဒီအတိုင်းကျက်လို့
ကြက်တူရွေးသိ
ဒီထက်ဘာမှ ပိုမသိခဲ့။

* မြေက ဘယ်လောက်ကျယ်လို့
ရေက ဘယ်လောက်ဝိုင်းသလဲ
မကွဲမပြားနဲ့၊ ခွဲခြားမသိပါ။

* မြေက မျက်မွေးတဆုံး
ရေက မျက်စိတဆုံး
ကုန်းမြေနဲ့ အုန်းတွေသာရှိပြီး
လူမရှိ သူမရှိတဲ့ ကျွန်းမှာ
လူမသိ သူမသိဘဲ
ပီဘိ ဇရာအိုတွေ…ကဝိ စာဆိုတွေ…
လူကြည်ညိုများတဲ့၊
တော်လှန်ရေးသမားတွေ…
စာသင်ရှယ်ကောင်း၊
ကျောင်းသားငယ်တွေ…
အဲဒီမှာနေ၊ အဲဒီမှာ သေရမတဲ့
ဆွေဝေး မျိုးဝေး၊ မိဝေး ဖဝေး
သားဝေး မယားဝေးနဲ့
ပညာရေးမရှိ၊ ဘာသာရေးမရှိ။
* စာလေး ပေလေး၊ ရေးစရာ ဖတ်စရာ
မှတ်စရာလဲ မရှိ။
* စေတီပုထိုးနဲ့ ကိုးကွယ်စရာ
သံဃာလဲ မရှိ။
* လူသေမြှုပ်နှံဖို့
သုသာန်တောင် မရှိ၊
ပကတိ တစပြင်မှာ
ထွန်ထယ် လှည်းနွား၊
လှေဖောင်များလဲ မရှိ။
* ခေးလှံ စူးဆောက်၊
ပေါက်တူး ပေါက်ပြားမရှိ၊
လူ့ယဉ်ကျေးမှု အစုစု၊ တခုမျှ မရှိ။
သောင် အတိ သဲကမ်းမှာ

ငမန်းနဲ့ မုန်တိုင်း၊
ကျိုင်းကောင်နဲ့ လိပ်တွေကို
မိတ်ဆွေဖွဲ့ ချော့မြှူ
ကမ္ဘာဦး လူသားလို
လက်ဖဝါးဗလာနဲ့၊
ခြေဖဝါး ဗလာနဲ့
ဒီကျွန်းမှာ ဒီတိုင်းနေ၊ ဒီလိုနဲ့ သေစေအံ့။

* လူတွေကို ကျွန်းမှာ ထားပြီး
လူသား အခွင့်အရေး ဘာမှမပေး။
ထောင်သား အခွင့်အရေး ဘာမှမပေး။
* လူကို လူလို မတွေး
လူကို လူလို မကျွေး
လူကို လူလို မမွေး
လူကို လူနဲ့ဝေးရာမှာ
လူ့သွေး လူ့သတ္တိ
စမ်းကြည့် ခဲ့ကြဖူးပါတယ်။

* ဒို့ဆရာ ဒို့ခေါင်းဆောင်တွေ
ဒို့ရဲဘော် ဒို့ရေးဘက်တွေ
အသက်ကို အုန်းပင်ထိပ်၊
အုန်းသီးလို ချိတ်ပြီး
အုန်းကျွန်းထိပ်က လူတိုက်ပွဲပါ
လူနဲ့ ရေနဲ့ တိုက်ပွဲ၊ လူနဲ့ လေနဲ့ တိုက်ပွဲ
လူနဲ့ သဘာဝ တိုက်ပွဲ၊
လူနဲ့ အာဟာရ တိုက်ပွဲ
လူနဲ့ လူချင်း တိုက်ပွဲ၊ လူနဲ့ မူချင်း တိုက်ပွဲ
လူနဲ့ အယူဝါဒ တိုက်ပွဲ၊

အယူ ဝါဒနဲ့ အယူဝါဒတိုက်ပွဲ
လူဆိုတာ ဘာလဲ၊ လူ့သိက္ခာ ဘာလဲ
ဒီတိုက်ပွဲမှာ အသဲနဲ့ အသိ
မှတ်ကျောက် တင်ကြည့်တဲ့ခါ
မရှိသေးတဲ့ မော်ကွန်း
ဒီကျွန်းမှာပဲ ထွန်းခဲ့ပါပြီ။

* လေထီး အုန်းမောင်နဲ့
သခင် ခင်အောင်၊ သခင်ဖေမြွေးလို
လွတ်လပ်ရေး သူရဲကောင်းတွေ၊
မြသန်းတင့်နဲ့ ဗန်းမော်တင်အောင်လို
ကိုလေးမောင်နဲ့ ဖိုးသံချောင်းလို
ကလောင် လူစွမ်းကောင်းတွေ၊
ဗိုလ်အောင်ဝေ၊ မန်းငြိမ်းမောင်လို
ဖောင်စီး သူရဲကောင်းတွေ၊
ကျောင်းသားတွေ၊ စစ်သားတွေ
အလုပ်သမားတွေ၊ လယ်သမားတွေ
လူတန်းစာ အစုံ၊ လူ့အလွှာ အစုံ။

* ပန်းချီဆရာတွေ၊ ကဗျာဆရာတွေ
ဂီတ ဆရာတွေ၊ သီချင်းဆရာတွေ
သီတင်းစာ ဆရာတွေ အပါအဝင်
လူယဉ်ကျေးတွေ မျိုးစုံ
သည်မှာ ဆုံပြီး
လူ့ဂုဏ် လူ့သိက္ခာ
ဒီမှာ မြှင့်တင် ခဲ့ကြပါလေပြီ။

* မုန်တိုင်းနဲ့ ငမန်း၊
လှိုင်းတောင်တွေ ရံဝန်းတဲ့
ကမ်းမမြင် ပင်လယ်ထဲမှာ–
လှေလှည်းမရှိ၊ ဖောင်မရှိတဲ့
သောင်အတိ သဲကမ်းခြေမှာ–
လှိုင်းတွေကို ပါးပျဉ်းအုပ်၊
မုန်တိုင်းကို ဇက်ချုပ်အံ့
"လူလုပ်သော လူ့သမိုင်း"မှာ
သမိုင်းဘီး နောက်ပြန်တွန်းတဲ့၊
ကျွန်းပေါ်က ကျောက်ခေတ်ကို
ရဲသစ်တဲ့ အတွေးနဲ့
သွေးစည်းတဲ့ လူတစုက
အံတု မာန်ထောင်၊
လူ့သမိုင်း ထွန်းပြောင်ဖို့
ဓားတောင်ကိုကျော်၊
မီးပင်လယ်ပေါ် ဖြတ်ခဲ့ပြီ။

*"တိုက်ရဲရမယ်၊ သေရဲရမယ်
အောင်ပွဲ ယူရဲရမယ်"–တဲ့–
ရဲ သုံးရဲ ရဲအလံကို
လွင့်ပျံ ဖြေဖြန့်လိုက်ကြပြီ။
* မတိုက်ရဲ မသေရဲရင်
ကျွန်းတိုက်ပွဲဟာ
"သူရဲဘော ကြောင်သူ၊
လူညံ့တို့ရဲ့ ကျဆုံးခန်း"လို့
ညစ်နွမ်း သမိုင်း၊ ရိုင်းတော့မှာ မလွဲပါ
ဒီတိုက်ပွဲ အဖြေက

နေမလား၊ သေမလား၊
"လား"နှစ်"လား"ရဲ့ အဖြေ
ကြားမနေစတမ်း
လူသားတွေရဲ့ ရဲစွမ်း၊
စမ်းသပ်တဲ့ တိုက်ပွဲကြီး။
* ထောင်မှူးတွေ၊ ဗိုလ်မှူးတွေမှာ
အာဏာလဲရှိ၊ လက်နက်ရှိတယ်၊
အကျဉ်းသား၊ ထောင်သားတွေမှာ
အာဏာလဲ မရှိ၊ လက်နက်လဲ မရှိ
ဒါပေမဲ့ "အသက်"ရှိတယ်၊
"သတ္တိ" ရှိတယ်၊
"အသိ"ရှိတယ်၊
ယုံကြည်ချက်ရှိတယ်၊
ကျောဘက်က ရေပင်လယ်
ရင်ဘက်က မီးပင်လယ်
အလယ်က လူသားဟာ
သွေးသားကို လက်နက်ပြု၊
ယုံကြည်မှုကို အလံစိုက်ပြီး
အံတုလိုက်ကြပါတော့ တယ်။
* လက်နက်မဲ့သူရဲ့ လက်နက်ဟာ
အသက်ပါပဲတဲ့။
* အသက်ကို ဗျူဟာမှတ်
**<u>"အစာတော်ခံတိုက်ပွဲ"</u>** ကို
အသေခံ မာန်ဖွဲ့နဲ့၊ ဆင်နွှဲလိုက်ခဲ့ ပါလေပြီ။

* တယောက်ပြီး တယောက်

တရက်ပြီး တရက်
တဗိုလ်ကျ တဗိုလ်တက်
အသက် အသေခံ၊ သန္နိဋ္ဌာန်နဲ့
ရန်သူကို ရန်မူလိုက်ကြ
ဆယ်ရက်က၊ ရက်နှစ်ဆယ်
ရက်သုံးဆယ်၊ ရက်လေးဆယ်
ရက် ၅၀...
ရက် ၆၀ ဖြစ်ဖြစ်...
ရက် တရာ ဖြစ်ပါစေ
အားလုံးပဲ သေသေ
အရေခန်း၊ အသားခန်း၊
သွေးသံတွေ ခန်းခန်း
မဆုတ်တမ်း တိုက်ပွဲဆက်
တသက်သေ၊ နှစ်သက်သေ၊ သုံးသက်သေ
လေး–ငါး–ခြောက်သက်ကြွေ
တယောက်ပြီး တယောက်သေပြ
သေရဲသူတို့ သေကြပုံကို
ရန်သူအကုန်၊ ကြောက်ဒူးတုန်ရ
လန့်ဖြုန် သွားကြပါလေပြီ။

* ကျဆုံးသူတို့ ဝိညာဉ်
ကျွန်းကောင်းကင်မှာ
"အင်တာနေရှင်နယ်" သီချင်းက
"အချင်းတို့...ထကြလော့"တဲ့
ထလော့ ! ထလော့ !
ထလော့ ! ဆိုတဲ့ ပဲ့တင်သံ
ပွင့်အံ ပွက်ဆူ၊
ဇမ္ဗူကျွန်းလုံး၊ သိမ်းရုံး ပေါင်းကျုံး

ခြိမ့်ခြိမ့်သာ ချုန်းတော့တယ်။

* အကျဉ်းသားတို့ အရိုးနဲ့
ကျွန်းမော်ကွန်း ထိုးလိုက်ပြီ။
* အကျဉ်းသားတို့ အသွေးနဲ့
ကျွန်းညစ်ကို ဆေးလိုက်ပြီ။

* ဒါပါပဲဗျား၊ ဒို့များကြားဖူးတဲ့
"ကိုကိုးကျွန်း တိုက်ပွဲ"
သဲထိတ် ရင်ဖိုနဲ့၊ ကြည့်ညိုစရာလဲကောင်း
အားရစရာလဲကောင်း၊
အားကျစရာလဲကောင်း
နာကျင်စရာလဲကောင်း၊
နာကြည်းစရာလဲကောင်း
ကာလ ညောင်းပေမယ့် မညစ်ဘဲ၊ သစ်ဆဲ
တရစ်ဝဲဝဲနဲ့ အံခဲမပြေ...
အခဲ မကျေ အငြိုးထားပြီး
လက်စားချေချင်ပေမယ့် မချေစတမ်းမို့
သင်ခန်းစာပေးချင်စိတ်နဲ့
အံကြိတ်လိုက်မိပါတယ်။
"အကျဉ်းစခန်းဆိုတာ၊
ညှဉ်းပန်းဖို့ နေရာလား"–ဟော့။
"လူတော် လူကောင်းတွေကို၊
ထုထောင်းတဲ့ နှိပ်စက်ခန်းလား"–ဟော့။
"သတ္တိခဲတွေကို အကဲစမ်းတဲ့၊
ငရဲခန်းတွေပဲလား..."
"လူ့ဝါဒ၊ လူ့မာနကို၊ ပြာချတဲ့ မီးပုံလား..."

ဘာပဲဖြစ်ဖြစ်
ကိုကိုးကျွန်းရဲ့
အကျဉ်းထောင်တိုက်ပွဲမှာ...
"တိုက်ရဲသူတို့ အောင်လံထူ
သေရဲသူတို့ အောင်ပွဲခံ"
မသေကျန်သူရော၊ အသေခံသူရော
လူတိုင်းဟာ အာဇာနည်
ဗမာပြည် ဒီမိုကရေစီသမိုင်းမှာ–
ဗမာပြည်သူတို့
လူ့အခွင့်အရေးသမိုင်းမှာ–
ဗမာပြည်သက်တမ်း၊
ငြိမ်းချမ်းရေးသမိုင်းမှာ–
သမိုင်းကဏ္ဍာတိုးပြီး
"ကိုကိုးကျွန်းတိုက်ပွဲ"လို့
မှောင်မည်းတဲ့ စစ်ကျွန်ခေတ်က
ထွန်းသစ်တဲ့"မီးဒုတ်"၊ "ရဲသုံးရဲ မီးဒုတ်"
ဒို့တတွေ ဆုပ်ကိုင်ပြီး
ပန်းတိုင်ကို ဆက်ဆက်
ငါတို့ ချီတက်ကြပါစို့။ ။
ငါတို့ ချီတက်ကြပါစို့။ ။
ပြည်သူ့ဒီမိုကရေစီ မုချအောင်ရမည်။ ။

ဇူလိုင်၁၉။ ၂၀၀၅
နယုံးယောက်

# ရန်

(သူငယ်ချင်းလေးမောင်သို့)

**(မောင်စွမ်းရည်)**

* လှိုင်းလုံးပုတ်လည်း
မလှုပ်မနဲ့၊
မမြုပ်ခဲ့။

* လေပြင်းတိုက်လည်း
မငိုက်မတုန်၊
မဖြုံခဲ့။

* နေလျှံထိုးလည်း
မညှိုးမတိမ်း၊
မယိမ်းခဲ့။

* မဟူရာရောင်၊ ယင်းကျောက်ဆောင်ထက်
သွေးတစက်မှ၊ ထိုးထွက်ပွင့်ပြီ
နှင်းဆီနီသည်၊ ခွန့်ရှည်သင်းပျံ့
လှိုင်လတ္တံ့။ ။

မိုးဝေမဂ္ဂဇင်း(၁၉၇၂)
(၃၁–ဇူလိုင်–၁၉၇၂)

# ငါတို့နားမှ သူရဲကောင်းများ

(ရဲဘောာ်စိုးချစ်)

* ပါတီရှိလျှင်–ဖူးချစ်ရှိသည်။
ပါတီရှိလျှင်–ဇက်သွန်းရှိသည်။
ပါတီရှိလျှင်–လျူးဟူလန်း ရှိသည်။
ပါတီရှိလျှင်–ဇန်ထရှိုင်းရှိသည်။
ပါတီရှိလျှင်–သူရဲကောင်းရှိသည်။
သူ့ရပ်သူ့မြေ
သူ့ဌာနေမှ သူရဲကောင်းများ။ ။

* ပါတီရှိလျှင်–သန်းထွန်းရှိသည်။
ပါတီရှိလျှင်–ဇဟိန်းရှိသည်။
ပါတီရှိလျှင်–ဘသင် ရှိသည်။
ပါတီရှိလျှင်–ဒွေးလှ ရှိသည်။
ပါတီရှိလျှင်–သူရဲကောင်းရှိသည်။
ငါ့ရပ်ငါ့မြေ
ငါ့ဌာနေမှ သူရဲကောင်းများ။ ။

* သည်ရပ်သည်မြေ–သည်ဌာနေမှ
သည်လိုသူရဲကောင်း–ရှားဘိတောင်းဟု
အောက်(အောင်း)မေ့မိခဲ့

သတိမမူ ဂုမမြင်ခဲ့။ ။

* ဒီနေ့ကာလ
ကျရာတာဝန်–လွှန်ကျေပွန်၏။
အသက်စွန့်မည်–စိတ်ကရည်၏။
ပါတီယုံမှတ်–အသက်အပ်၏။
ဒီရပ်ဒီမြေ
ဒီဌာနေမှ သူရဲကောင်းများ။ ။

* ငါသိပါပြီ
ပါတီရှိလျှင်–သူရဲကောင်းရှိသည်။
ပါတီရှိလျှင်–သိန်းကြည်ရှိသည်။
ပါတီရှိလျှင်–၈ ယောက် ရှိသည်။
ဒီကျွန်းဒီမြေ
ဒီဌာနေမှ သူရဲကောင်းများ။ ။

("ပြည်သူ့သူရဲကောင်းများနေ့" တလပြည့်အထိမ်းအမှတ် –
ကိုကိုးကျွန်းတွင်ထုတ်ဝေခဲ့သော –ကဗျာစာအုပ်...မှ)

# အညာတရ အာဇာနည်

ဖိုးသံ(လူထု)

* သင်တို့နာမည်
နေရပ်
ဇာတိ
အတ္ထုပ္ပတ္တိ
ငါမသိ
ဘာမှ မသိ
ငါသိတာက
သင်တို့ဟာ အာဇာနည်
လူသားထဲမှာ
အမြင့်မြတ်ဆုံးသူ။

* သင်တို့ ဘယ်မှာ
ဘယ်တုန်းက
ဘယ်လို
ကျဆုံးကြတယ် ငါမသိ
ဘာမှ မသိ
ငါသိတာ

ဘာကြောင့်၊ ဘယ်အတွက်
အမွန်မြတ်ဆုံးနည်းနဲ့
သင်တို့ ကျဆုံးသွားကြတယ်။

* "အင်တာနေရှင်နယ်"*
"လွမ်းသူ့ပန်းခွေ"**
ဒီလို သီချင်းတွေ ဆိုတိုင်း
တခါမှ မမြင်ဖူးတဲ့
သင်တို့ရဲ့ သွင်ပြင်တွေ
မြင်ယောင်နေမိပါရဲ့။

* ငါယုံသည်
တနေ့သောအခါ
သင်တို့အကြောင်းတွေဟာ
အနုပညာသည်တွေ ဥဏ်ကွန့်မြူးရာ
ကဗျာဆရာအတွက် စိတ်အစာ
လူငယ်တွေအတွက် စံဥပမာ
တမျိုးသားလုံးအတွက်ဂုဏ်ယူစရာ
လူတိုင်းရဲ့ ရင်ထဲမှာ
ဂုဏ်ပြုကမ္ပည်းလွှာ
မုချ ဖြစ်လာမှာ။ ။

* နိုင်ငံတကာ ကွန်မြူနစ်များရဲ့ သီချင်း

** ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၅၀ စုနှစ်များ
အစောပိုင်းတုန်းက အာဇာနည်များအတွက်
ရေးတဲ့သီချင်း။

# လွမ်းသစ္စာတိုင်

**(မြတ်နိုး)**

* စံပယ်ပန်းဟာ
လက်ာမဖွဲ့မရေးလည်း
မွှေးမြဲမွှေး လှမြဲလှနေတတ်သမို့
န ငယ်အမြီးတပ်ရသလို
အာဇာနည်ကို ဂုဏ်ပြုရမှာ
အားတော့ဖြင့် နာစရာပဲ။

* ဒါပေမဲ့
မှန်တာပြော သစ္စာတဲ့
ကျူပ် ကျူပ် ကျူပ် ကျူပ်နဲ့
အတ္တအိမ်မြှောင်တို့ စုတ်ထိုးမိုးကောင်းရာ
ဟောဒီ ကမ္ဘာလောကကြီးထဲ
'ခမ္ဗထီး'တလက်ဆောင်းပြီး
ဘဝခရီးဆက်နိုင်ဖို့
အသက်ကို ရေစက်ချ အမျှဝေ

သေရွာသွားရမှာကို
အမေ့အိမ် ပြန်တာလို သဘောပိုက်
ကြီးမြတ်ဂုဏ်ပြောင်လိုက်တဲ့ အာဇာနည်။

* သူလဲလေ လောကီသားသာမို့
အမှားအယွင်း အကြွင်းမဲ့ မကင်းခဲ့ငြားလည်း
အမှားက ပျားချေးတစက်
အမှန်ကျတော့ ပျားရည်တအိုး
သစ္စာချိန်ခွင်လျှာ ဇောက်ထိုးဖြင့်သာခဲ့
ပျားချေးကိုပင် ဆေးဘက်ဝင်စေခဲ့သူ။

* ရဲဘော်ရေ
အပြောထက် အလုပ်ခက်
အိပ်မက်ထက် လက်တွေ့ခက်
အခက်တကာ့ အခက်ဆုံးက
အတ္တကို ပြာချသင်္ဂြိုဟ်ပြီး
အိမ်မြှောင်လို စုတ်မထိုးမိဖို့...ဆိုတဲ့။

* ဟိုတချိန်က
အမှားပြပြီး တရားချခဲ့တဲ့
ရဲဘော်ရဲ့စေတနာစကား
ခုများတိုင် ကြားယောင်လွမ်းဆွတ်ဆဲဟာမို့
ဇရာခန္ဓာကို သစ္စာတောင်ဝှေးနဲ့ဖေးမပြီး
နေမင်းကြီးထွန်းပရာ အာဇာနည်ရွာဘက်
သက္ကရာဇ်ရှက်ကြွေ နွေရက်တွေကြားက
အတ္တကို ဓမ္မနဲ့ ချွန်းအုပ်ရင်း
တလှမ်းချင်း ချီခဲ့မယ်ပလေ။ ။

# ဒီဇင်ဘာ ၂၀ ရက်တမ်းခြင်း

# (သို့မဟုတ်)

# ရဲဘော်ရဲ့ကဗျာ

**(မောင်လေးအောင်)**

⁕ တင်းတင်းကိုက်ထားတဲ့
ငါ့ရဲ့နှုတ်ခမ်းဟာ
ဖြန်းခနဲကွဲထွက်
သွေးအစက်စက် စီးလိမ့်လာတယ်။

⁕ ငါ အံကြိတ်ပြီး
လက်သီးကို တင်းတင်း ဆုပ်မိတယ်။

⁕ ဗိုလ်အောင်ကျော်
ရဲဘော်ဟာ

ဒီနေရာမှာ ကျဆုံးသွားခဲ့တယ်။

* ကတ္တရာ လမ်းကိုခွာ
ရာဇဝင်ရုပ်ရေးအရ
သုတေသနလုပ်ရင်
ရဲဘော်ရဲ့
နီမြန်းတဲ့ ဂုဏ်ပုဒ်ကို တွေ့ရမယ်။

* ဘယ်သူတွေ ငြင်းနိုင်သလဲ
စီးဆင်းခဲ့တဲ့ ရဲဘော်ရဲ့ သွေးတွေအကြောင်း။

* သင်းတို့တတွေက
ရဲဘော်ရဲ့ဂုဏ်အထူးထူးကို
ဖော်ကျူးဖို့ ငြင်းဆန်ကြတယ်။

* ဘယ်သူတွေ ရှိဦးမလဲ
ရဲဘော် မုန်းခဲ့တဲ့သူတွေပေါ့
သင်းတို့အမုန်းကို
ရဲဘော်က စိမ်းကားတဲ့အပြုံးနဲ့
ပြုံးမှာပဲ ယုံတယ်။

* စပါးတားကပ်(စ်) ရဲ့ ဂုဏ်ရောင်
ကုန်းဘောင်သူပုန်
ဂဠုန်ဆရာစံ
ငယင်ဗန်ထရိုင်း
အတိုင်းမသိသော
ချောင်ဗွေဗားရားစသော
အာဇာနည်ထောင်သောင်းတို့နဲ့အတူ

ရဲဘော်ဟာ နီရဲဝင်းလက်ခဲ့တယ်
တရားတဲ့ပြည်သူတွေရဲ့ တိုက်ပွဲမှာ
ရဲဘော်ရဲ့သွေးဟာ နီရဲခဲ့တယ်။

* ပြည်သူချစ်တဲ့
အာဇာနည်အနှစ်ဟာ
ဘယ်ခေတ်မှာမဆို
နုပျိုစိမ်းလန်းနေမှာပဲ
မုချယုံတယ်။

* ဗိုလ်အောင်ကျော် ရဲဘော်
ဒီနေရာမှာ ဒို့ဟာ
စာရွက်တွေ အတူတူ ဝေခဲ့ဖူးတယ်။

* ဗိုလ်အောင်ကျော် ရဲဘော်
ဒို့ဟာ ဒီနေရာမှာ
ရဲဘော်ကို အကြိမ်ကြိမ် ဂုဏ်ပြုခဲ့ဖူးတယ်။

* ရဲဘော်ရဲ့ အခန်းဆက်တိုက်ပွဲ
ရဲဘော်ရဲ့ တရားတဲ့ တိုက်ပွဲတွေအကြောင်း
ဒီနေရာကို လာပြီး
ရဲဘော်ရဲ့ စီးဆင်းခဲ့တဲ့
နီရဲတဲ့သွေးစက်တွေပေါ်မှာ
ငါ့ရဲ့ ဖြူရော်နေတဲ့ မျက်ရည်နဲ့
သူရသတ္တိမဲ့တဲ့ ရှိုက်သံနဲ့

ညစ်နွမ်းအောင် ငါမလုပ်ဘူး၊

* ကဗျာတပုဒ်
ဟုတ်တယ် ငါ့ရဲ့ ကဗျာတပုဒ်
ရဲဘော်ရဲ့ ဂုဏ်ပုဒ်ကို ဖော်ထုတ်ဖို့
ကြိုးစားတဲ့ ကဗျာတပုဒ်။

* လက်ခံပါ ရဲဘော်
အော်ဟစ်ပြီး ငါ ပန်ကြားတယ်။

* ပြန်ငြင်းပါရစေ
ဒီကဗျာဟာ ငါ့ရဲ့ ကဗျာ မဟုတ်ဘူး။

* ဖတ်ကြည့်စမ်းလေ
စီးဆင်းခဲ့တဲ့ သွေးစက်တွေရယ်
ဘယ်သူ့သွေးလဲ
ရဲဘော်ရဲ့ ပူနွေးတဲ့သွေး
မခန်းခြောက်သေးတဲ့သွေးတွေ။

* ရဲဘော်ရဲ့ သွေးအစက်စက်နဲ့
ရဲရဲလက်လက်
သီယှက်ထားတဲ့
ရဲဘော်ရဲ့ ကဗျာပါလား။ ။

(ကွယ်လွန်သူ ကဗျာဆရာ မောင်လေးအောင်၏
မိုးဝေ မဂ္ဂဇင်းတွင် ပါရှိခဲ့သော ကဗျာတပုဒ်ကို
ပြန်လည် ဖော်ပြခြင်း ဖြစ်ပါသည်။)

# လွမ်းသူ့ပန်းခွေ

**(မစိမ်းပင်)**

* အညာလမ်း
တမာတန်းမှာ
လမ်းအတူ လျှောက်ကြဦးမယ်။

* အညာရိပ်
တမာရိပ်မှာ
အတိတ်ဆိုးကောင်း
အကြောင်းပေါင်းစုံ ပြောဖြစ်ဦးမယ်။

* အညာမြေ
အညာလေနဲ့ တိုက်ပွဲတွေအကြောင်း
သူ့ ကောင်းကောင်း ပြောလိမ့်မယ်။

* ကွယ်...
အနာဂတ်မှာ
မင်းရယ်...ငါရယ်...ရဲဘော်များ...ရယ်
ဆုံကို ဆုံရဦးမယ် စောင့်နေဆဲ။

* ပြန်းခနဲ
တိုက်ပွဲမှာ
**မင်း** ကျဆုံးသွားတာ ပြောင်မြောက်တယ်။

* **ဦးမည္သွတ် ဒူးမထောက်**
နောက်ဆုံးသွေးစက်၊ ထက်မြက်နီမောင်း
လမ်းကြောင်းတော်လှန်ရေး
သွေးနဲ့ ရင်းခဲ့တဲ့ **မင်း။**

* အညာလမ်း၊ တမာတန်းမှာ
လမ်းအတူ လျှောက်ကြမယ့် ပြည်သူတွေ။
အညာရိပ် တမာရိပ်မှာ
အတိတ်ဆိုးကောင်း
အကြောင်းပေါင်းစုံ ပြောနေကြလိမ့်မယ်။

* အညာမြေ၊ တမာမြေမှာ
မျက်ရည်တဝေဝေနဲ့
တိုက်ပွဲတွေအကြောင်း
အောင်ပွဲတွေ အကြောင်း
သူရဲကောင်းသမိုင်း
လူတိုင်းနှလုံးသားမှာ
ခွန်အားအသစ် ဖြစ်နေလိမ့်မယ်။

* ရဲဘော်ရယ်...
အညာလမ်း
တမာတန်းမှာ
လွမ်းသူ့ ပန်းခွေ ဝေနေတယ်။ ။

(၁၉၇၂–ခုနှစ် "မိုးဝေမဂ္ဂဇင်း"မှာ ပါခဲ့တဲ့ကဗျာ)

# အိပ်မက်များသူ

## စောမာန်( မန္တလေး )

✳ ငါတို့ဟာ နစ်မြုပ်သွားတဲ့
လူတို့ရဲ့ ဖြစ်ချင်မှုတွေအတွက်
တို့ကိုယ်ပိုင်အိပ်မက်တွေကို
ကိုကိုးကျွန်း ချိတ်မှာ ချိတ်ဆွဲ
ချိတ်ဆွဲ...
တိုးလိုးတွဲလဲ။

✳ ✳ ✳ ✳ ✳

✳ ကိုချောနွယ်ရေ
ခင်ဗျား ပြောသလိုပါပဲ
ကျုပ်လဲ ကျုပ်ကိုယ်ကျုပ်
ကြည်ညိုရသည့်အထိ
သူ့ကို လွမ်းခဲ့ရဖူးပါတယ်။

✳ ကျုပ်ရောင်းရင်းရဲ့ ရင်ဘတ်မှာလည်း
ဇစ်ရာတွေချည်း...

✳ ✳ ✳ ✳ ✳

✳ နစ်မြုပ်အိပ်မက် မရှိ
အဆိပ်ပြင်း ချိတ်ကောက်မရှိ
ဖောင်းကားကန်ထွက်နေသော
သူရဲကောင်းတို့ရဲ့
ဇစ်ပိတ်ရင်ဘတ်မရှိ။

✳ ✳ ✳ ✳ ✳

✳ ကိုကိုးကျွန်းတွင်
အိပ်မက်မျှားခဲ့သူတို့အား
အလေးပြုပါ၏။ ။

၇-၇-၂၀၀၅

# ကောင်းကင်ယံ၌ ကြယ်တပွင့်ထပ်တိုးခြင်း

(ဇင်ဇင်)

**ဇွန်လရဲ့ ညတည**
ကြွေခဲ့ရပြန်ပေါ့
ကြယ်တပွင့်ရယ်…
လျှင်တော်လဲသံအလား
တို့နှလုံးသားမှာ ကြေကွဲဆို့နင့်ရပါတယ်။

ခေတ်ဆိုးစနစ်ဆိုးကြီးက
လူငယ်ဘဝတွေကို
နင်းချေမွ…
တစတစ စားသောက်မြိုပစ်
ဒီစနစ်ဆိုးကြီးကို
တို့တတွေ…နာကြည်းတာ ဆန်းသလား။

ရဲဘော်ရယ်…

**ထောင်ထွက်တယောက်ရဲ့ အပြန်လမ်း**
**လွမ်းစရာတွေကလည်း တနင့်တထမ်း**
**တို့တတွေ…အရှယ်ကောင်းကောင်းနဲ့**
**အသက်တွေသာ တိုးများသွားတာပါ…တဲ့။**

**ရဲဘော်ရဲ့စကား**

ရဲဘော်ရဲ့နှလုံးသားနဲ့ရေးခြစ်
ကဗျာတပုဒ် ဖြစ်ခဲ့တယ်…။

ရဲဘော်ဟာ…
ယုံကြည်ချက်ပန်းတိုင်၊ မယိုင်မလဲ
ဇွဲနဲ့ချီတက်
သမိုင်းအဆက်ဆက်
တောက်လက်ထွန်းပနေမှာပါ ရဲဘော်ရယ်…။ ။

ဇွန်လ ၁၆ ရက် ၂၀၀၅

(ထိုင်း မြန်မာ နယ်စပ် မဲဆောက်တွင် ဇွန်လ ၁၆ ရက်နေ့ ည ၉ နာရီတွင် ကျဆုံးသွားသော "ABSDF ဗဟိုကော်မတီဝင်" ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်း ရဲဘော် ထက်မိုး–အိုးဝေဇော်–သို့…)

# ကြေးကွဲ...အလွမ်း...ဒေါသ...ရိုးမ

(ဖိုးနီ)

⁕ ရခိုင်ရိုးမ
ထိုနေ့ည
တသသလွမ်း
လွမ်းရင်းကြေကွဲ
ကြေကွဲရင်းလွမ်း
စမ်းချောင်းမိုးစက်
တေးငှက်ပန်းပွင့်
ရင်နှင့်စူးရှ
မျက်ရည်စတို့...ကြွေကျ
တားမရတော့...။

⁕ အနောက်တောင်ဆီက လေနီရိုင်း
လှိုင်းတံပိုးထ ပင်လယ်ဝ
ဒေါသပေါက်ကွဲ

ပြုန်းခနဲ
မုန်တိုင်းထဲက မီးတောင်
လောင်ကျွမ်းခဲ့ပေါ့…။

* ချစ်ရဲဘော်ရေ
ကြေကွဲ…အလွမ်း…ဒေါသ
သေမင်းတံခါးဝ
သင်ချထားခဲ့တဲ့ဝေဒနာတထုပ်
တကယ်တော့ ပုဏ္ဏာ
အဘိဓမ္မာတခု
ဒါဆို လုံလောက်ပါပြီ။

* ကိုကိုးကျွန်းတိုက်ပွဲ
ငရဲဘုံဇာတ်ဝင်ခန်းမှာ
တနေရာက သူပါခဲ့
ဘဝရဲ့စာမျက်နှာ
ဝေဒနာ…
ဒဏ်ရာဖြင့် ပြည့်နှက်
ရိုက်ချက်ပြင်းလေစွ…။

* တကယ်တော့ သူဟာ
ရန်ငါစည်းပြုတ်
တည့်မတ်တဲ့ ရပ်တည်မှုနဲ့
မှတ်ကျောက်တင်
ဆေးသားတင်ထားတဲ့
သံမဏိ နန်းမျှင်တချောင်း ဖြစ်တယ်။

* ရန်သူ့နှလုံးသားကို
ထွင်းဖောက်သွားမယ့်
ခွင်းအားပြင်း ပစ်ကွင်းတည့်
မြားတစင်းလည်း ဖြစ်တယ်။

* လေပြည်တချက် ဇော့ရုံမှုနဲ့
ကြွေကျသွားတဲ့ သစ်ရွက်ခြောက်လို…
နေရောင်တချက် ထိရုံမှုနဲ့
ပျော်ကျသွားတဲ့ ရေခဲတုံးလို…
ချော့ရင်ပျော့
ခြောက်ရင်ကြောက်
အလွယ်တကူ ဒူးထောက်
လက်မြှောက်ဝပ်စင်းသွားတဲ့
ဖားတကောင်လို လူစားမျိုးထဲမှာ
သူ မပါခဲ့တာတော့
အသေအချာ ဖြစ်တယ်။

* ထောင်လွတ်တဲ့နေ့
ရန်သူကို ပြန်ချတဲ့နေ့…တဲ့
တိုက်ပွဲစဖို့
ရိုးမကို ပွေ့ဖက်
ခရီးဆက်ခဲ့ပေါ့
သားချစ်တဲ့အမေ

မျက်ရည်မကျနဲ့
ဘဝနဲ့ ရင်းထား
သားရဲ့ကောင်းမှု
သာဓုခေါ်ရင်း...အလွမ်းဖြေတော့။

* ရိုင်ဖယ်တလက်
"ကျည်"ဆယ်တချို့
လက်ဝယ်ရရှိချိန်မှာ
သူဟာ...
ကမ္ဘာမြေပြင် အထက်ဝေယံ
မုန်တိုင်းကို ဆန်တက်
လင်းယုန်ငှက်တကောင်လို
သားကောင်ကို ရှာတော့တယ်။

* ယခင်က သားကောင်...ယခု မုဆိုး
မုန်တိုင်း မိုးရေ
နွေနေ...နှင်းခဲ
အမှောင်ထဲမှ အလင်းတစ
ပျားရည်လို ချိုမြခဲ့ပေ့ါ။

* ခါးသည်း
မုန်းတီး
နာကြည်းဒေါသ
ပြောင်းဝမှ ပေါက်ကွဲ
တိုက်ပွဲဝင် သေနတ်သံများ
တေးသွားလို စီးမျော...

တောနှင့်တောင်ခြေ
မိုးမြေသိမ့်သိမ့်...။

* ဘဝတခုလုံး
တိုက်ပွဲတွေ ဖုံးလွှမ်းထားလေရော့သလား
ချစ်ရဲဘော်ရေ...
တိုက်ပွဲနဲ့စ
တိုက်ပွဲနဲ့ ဖြတ်သန်း
တိုက်ပွဲနဲ့ဆုံး
နိဂုံး စာမျက်နှာ
ကဗျာဆန်လွန်းလှချည့်...။

* ဒဏ်ရာတချက်
သွေးစက်ယိုစီး
နောက်ဆုံးခရီးပဲ ထင်ပ။

* ရှိင်ဖယ်တလက်
ပိုင်းဖြတ်ချက်နဲ့ လူသား
ကျည်ဆန်ကြားမှာ ထိုတည
ဘဝ
လှလှပပ ထုဆစ်ခဲ့ပေ့ါ။ ။

( ၁၉၇၄ ခုနှစ်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တောဖျား ချောင်းလက်တက် မဇေးချောင်းတိုက်ပွဲတွင် ကျဆုံးသွားခဲ့သော ကိုကိုးကျွန်းပြန် ရဲဘော်အောင်ထီ (ခ) ရဲဘော်ထွန်းဟိန်း အတွက် အမှတ် တရ...။ ဒီရဲဘော်ဟာ ခြေတဖက် ဒဏ်ရာနဲ့ တယောက်တည်း တရက်နဲ့တည ရန်သူကို ခုခံ တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့တာ ဖြစ်ပါတယ်။)

# သံမဏိကြယ်နီ...သို့

**(မိုးညှန့်)**

(၁)

* လွှမ်းသူ့ပန်းပွင့်
ဆင့်ဆင့်စီးမျော
ရောနှောပြာလွင့်
ခရီးနှင်ပြီ။

* အသင်ရဲဘော်
တော်လှန်ခရီး
ရှည်လျားဘိခြင်း
ရခိုင်ရိုးမ
ပဲခူးရိုးမ
“ဝ”နယ် ကျယ်ပြော
ကချင်တောင်ကြော
တက်လှမ်းကျော်ဖြတ်
မှတ်ကျောက်ကမ္ပည်းတင်
သင်...သံမဏိကြယ်နီ။

* သင့်ရဲ့သေခြင်းတရား
ငှက်မွေးလို မပေါ့ပါး
ရိုးမတောင်ထက် လေးလံ
ရှင်သန်နေမြဲ ထာဝရ။

(၂)

* ခရီးသင့်ပြီ
နဒီရွှေလီ
ရေဝတီ
အလေးနီပြု
ဂုဏ်ပြုဦးညွှတ်
လွှမ်းဆွတ်သံစဉ်
"အင်တာနေရှင်နယ်"
ပျံ့လွင့်ရင်တွင်း
မိုးကောင်းကင်ဝယ်
တိမ်မျှင်ညို့ညို့
မျက်ရည်စို့။ ။

(၂၀-၄-၀၅ နေ့တွင် ကွယ်လွန်ခဲ့သော ရဲဘော်ကျော်မြ သို့)

# လေထီးဦးအုန်းမောင်သို့ ဦးညွှတ်ဂါရဝပြုခြင်

အေးနိုင်(ရခိုင်)

* **"ပေးဆက်စရာကား အသက်တချောင်း
ရယူစရာကား တန်ဖိုးမဖြတ်စကောင်း"** ဆိုတဲ့
သူရဲကောင်း'အုန်းမော်'ရေးခဲ့တဲ့ ကဗျာ
ကျွန်တော်တို့ရဲ့ "အကျည်းတန်နေ"
စာအုပ်မှာပါအောင်
ဦးလေးရဲဘော်က
စိတ်ခတ်လက်ဆောင် ပေးခဲ့တယ်။

* ဦးလေးရဲဘော်က
ကဗျာအလှပွင့်နဲ့ လမ်းပြခဲ့သလို
စာပေဖြင့် လမ်းပြခဲ့
သူ့ရဲ့ နှလုံးသားနဲ့ လမ်းပြခဲ့
ဖက်ဆစ်ဂျပန်ကို
သက်စွန့်ဆံဖျား၊ စွန့်စားခုခံ
တော်လှန်သတ္တိနဲ့ လမ်းပြခဲ့
ကိုကိုးကျွန်းနဲ့ ထောင်တွင်းအကျဉ်းခန်းများ
အိမ်ဦးနဲ့ ကြမ်းပြင်လို သဘောထား
ထွက်လိုက်ဝင်လိုက် အကြိမ်ကြိမ် အဖန်ဖန်
ထုသား တေသား သံမဏိသားကျ
သူ့ဘဝနဲ့ ရင်းပြီး
လမ်းပြသွားခဲ့တယ်။

* သူ ပြခဲ့တဲ့ လမ်းအတိုင်းဆက်လျှောက်
တို့တတွေ ခရီး ဘယ်လောက်ပေါက်လို့
ဘယ်လောက် လူလားမြောက်ပြီလဲ။

* လဲပေါင်းများစွာ
မေးစရာနဲ့ ဖြေစရာ
တွေးနေဆဲမှာ
မကုန်စင်သေးတဲ့
တို့ရဲ့ သူငယ်နာ
အဝေးတနေရာကနေ
ဦးလေးရဲဘော် လာလာပြီး
ဖယ်ခွာပေးတယ်။

* လမ်းခုလတ်မှာ
ရုပ်ပုံကားချပ်တွေ
ဖျတ်ခနဲ ဖျတ်ခနဲပြောင်းလဲသွားခဲ့
ဦးလေးရဲဘော်ရဲ့ ဈာပန
ပို့ခွင့် ဦးညွှတ်ခွင့်မရ
နောက်တဖန်
ဆုံခွင့် ကြုံခွင့် ပြန်မရသော်လဲ
အနာဂတ်အောင်ပွဲဆီသို့တိုင်
တို့နှလုံးသား အသည်းစိုင်မှာ
ဦးလေးရဲဘော်ဟာ
ထာဝစဉ် တည်ရှိနေမယ်
တို့ယုံကြည်တယ်။ ။

# အသေခံတပ်

ရဲဘော်စိန်ရင် (တနင်္သာရီ)

✳ တခုသော
မိုးသောက်အရုဏ်
နယ်မြေစုံသို့
စစ်ဆင်လှုပ်ရှား
ပင်လယ်စင်ရော်ငှက်များ
ပျံထွက်သွားခဲ့ကြတယ်။

✳ ချောင်းငယ်မြောင်းငယ်
မြစ်ငယ်ကို ဖြတ်
ရွာစဉ်ပတ်ကာ
အဏ္ဏဝါပင်လယ်
လှေငယ်တစီးနဲ့
ခရီးနှင်ဆဲ
ရှောင်တခင် ရုတ်တရက်
ပက်ပင်းတွေ့ပြီ
"ဟော့...ရှေ့မှာ ရန်သူ"

အသံတွေ ဆူညံသွား
ဂျီသရီး မောင်းပြန်
ကျည်ဆန်သံတွေ
မိုးချုန်းသံလို ညံမစဲ
ပေါက်ပေါက်ကွဲသလို ပျံ့ဝဲ
ဆုတ်လမ်းမရှိ တိုက်ပွဲ
အသက်နှင်းလို့ နွှဲကြတယ်။

* ပင်လယ်ပြာပြာ
မိုးပြာပြာဝယ်
ငါးမန်းအုပ်ကြား
လင်းပိုင်ငါးပမာ
အာဇာနည်ပီပီ
တည်ကြည်ရဲရင့်
မြင့်မြတ်စိတ်ထား
ဗိုလ်ထုငယ်သား
အသက်စွန့်သွားပုံများ
အဲဒါမှ ဗကပက္ခ
ဂုဏ်ယူ စံထားရ
ရန်သူတွေတောင် လေးစားသွားကြတယ်။ ။

( ၁၉၆၈ တနင်္ဂနွေ ပင်လယ်တွင်း ရန်သူနှင့် ရင်ဆိုင်ရင်း ကျဆုံးသွားကြသော ရဲဘော်ကြည်ရှင်နှင့်တကွ အာဇာနည်ရဲဘော် များအား ဤကဗျာဖြင့် ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။)

# စံပြရဲဘော်

**ရဲဘော်စောလွင်( တနသ်ာရီ)**

✳ ဆောင်းရဲ့နွေ
နွေရဲ့ဆောင်း
လှည့်ပြောင်းကာ ရာသီမရွေး
"ဖြတ်လေးဖြတ် စစ်ဆင်ရေး"
မပြီးသေးပါလား။

✳ ရဲဘော် ထွန်းချစ်
ပြောက်ကျားစစ်သည်
အာဇာနည်နဲ့
တက်ညီလက်ညီ
ပြည်သူ့စစ်သည်များက
ကျားဟေ့ကျား
ရဲရင့်စိတ်ထား

ယမ်းငွေ့တလူလူကြားမှာ
အောင်တံခွန်အလံနီ
မိုးတိမ်ယံအထိ လွင့်စေခဲ့ပြီ။

* ရန်သူ့ရှေ့မှောက်
ဦးမညွတ် ဒူးမထောက်
မကြောက်တရားနဲ့ ဝင်းလက်တဲ့ဇာနည်
ဘိတ်ခရိုင်ရဲ့ လင်းရောင်ခြည်
စံပြရဲဘော်များပီပီ
ပြည်သူအကျိုးအတွက် အသက်စွန့်လှူ
မွန်မြတ်သူများကား
ပြည်သူ့နှလုံးသားမှာ
ထာဝရ ထွန်းလင်းနေပါမည်။ ။

(၁၉၆၇–၆၈ ရန်သူ့ထိုးစစ် ဖြတ်လေးဖြတ် ကာလ အတွင်း ကျဆုံးသွားခဲ့ကြသော ရဲဘော်များအား ဂုဏ်ပြုလျက်)

ဆောင်းဆက်ဆက်

# ပြည်သူ့ဘက်က ခေါင်းဆောင်

# သခင် ခင်အောင်သို့ ဂါရဝ

( ဝင်းတင့်ထွန်း)

(၁)

* သခင်မျိုးဟော့–ဒို့ဗမာ လို့
ဒို့ဗမာ အစည်းအရုံးကြီးပေါ်ထွန်းစ
သာယာဝတီနယ်က သခင်စာရင်းမှာ
လက်ရင်းပထမ
သခင်မြနဲ့ အတူတွဲပြီး
ကနဦးကတည်းက ကမ္ဘည်းတင်
သခင် ခင်အောင် ပါခဲ့ပါတယ်။

* ဒို့ဗမာ အစည်းအရုံးကြီးရဲ့
နိုင်ငံလုံးဆိုင်ရာ ညီလာခံတိုင်းလောက်က
ရွေးကောက်လိုက်တဲ့ ဗဟိုခေါင်းဆောင်စာရင်းမှာ
‘သခင် ခင်အောင်’ ဆိုတာ အမြဲပါ
တပြည်လုံးကပါ သိသူ ဖြစ်ခဲ့သလို
သခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစုက
သခင်နု…သခင်အောင်ဆန်း
သခင်သန်းထွန်း…သခင်စိုးတို့နဲ့အတူ
မျက်နှာဖြူ နယ်ချဲ့(၇၂)သမားကို

ပြတ်ပြတ်သားသားတိုက်ပွဲဆင်
သုံးရောင်ခြယ် တူတံစဉ်အလံတော်အောက်က
လေးစားလောက်တဲ့ ခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်။

* သခင်အောင်ဆန်း–သခင်သန်းထွန်းတို့နဲ့
ရမ်းဂါး ညီလာခံ*ကို အတူတက်
ထက်မြက်တဲ့ ခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်။

* လွတ်လပ်ရေး ကြိုးပမ်းမှု တကွေ့စခန်းမှာ
မြင်းခြံစစ်တမ်းဆိုတာရဲ့ အစ
အင်းစိန်စစ်တမ်းဆိုတာ ပေါ်ပေါက်
ထောင်တွင်းရောက် သခင်တစုရဲ့
စုစည်းမှုရလဒ်
ပြတ်သားတဲ့အမြင်
ရှင်သန်တဲ့သဘောထား
မှတ်တမ်းတင်ထားရမယ့် ထောင်တွင်းဆွေးနွေးပွဲ
စစ်တမ်းရဲ့ သမိုင်းဝင်လက်သည်တွေထဲ
သခင် ခင်အောင်လဲ တယောက်အပါပေ့ါ။

* ဂျပန်အဝင် အင်္ဂလိပ်အဆုတ်
အောင်မြင်စွာ ဆုတ်ခွာချိန်
မုံရွာထောင်ကြီး ဖွင့်ပေးမှ
ထွက်ခွင့်ရတဲ့ သခင်ခေါင်းဆောင်တွေထဲ
သခင်လေးမောင်–သခင်သန်းထွန်းတို့နဲ့အတူ
သခင် ခင်အောင်လဲ ထွက်ခွင့်ရသူ ဖြစ်ခဲ့တယ်။
* ဖက်ဆစ်ဂျပန်ခေတ်မှာ
အာရှ လူငယ်အဖွဲ့ကြီး

ဖွဲ့စည်းပေါ်ပေါက်
မြေအောက်တော်လှန်ရေးသမားတချို့ကို မြှုပ်နှံ
ဖက်ဆစ်တော်လှန်ရေးအတွက် စုစည်း
ရည်မှန်းချက်ကြီးကြီးနဲ့ ပြင်ဆင်
ဒီအဖွဲ့ကြီး စတင်ဖွဲ့စည်းထူထောင်ရာမှာလဲ
သခင် ခင်အောင်ဟာ ခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်။

* လွတ်လပ်ရေး ကြေညာပြီးခေတ်
ဖဆပလ အစိုးရခေတ်မှာ
နေရာယူတတ်သူတွေ အာဏာရ
ဘာမှ မဟုတ်သူတွေတောင် မိုးကောင်းနေကြချိန်မှာ
သခင် ခင်အောင်ကတော့ အတိုက်အခံ
အမှန်တရားဘက်ကပဲ အစဉ်ရပ်တည်
ပြည်သူ့တိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌ
ပမညတ နိုင်ငံရေးသမား ဖြစ်ခဲ့တယ်။

* မဆလခေတ်မှာ
ဖမ်းဆီးထောင်ချတာတွေနဲ့ မတင်းတိမ်
အင်းစိန်ကနေ တကျွန်းသို့
ကိုကိုးကျွန်းအပို့ခံရတဲ့ နိုင်ငံရေးသမားတွေကြား
ရှားရှားပါးပါး ဝါရင့်သခင်
စစ်အာဏာရှင်စနစ် ဆန့်ကျင်သူ ဖြစ်ပြန်တယ်။

* နဝတ၊ နအဖ ခေတ်မှာလဲ
စစ်ဘီလူး သရဲများရဲ့ ဖမ်းဆီးမှု
ထိန်းသိမ်းတားဆီးမှုကို ခံခဲ့ရ
ဘယ်တုန်းကမှ ဒူးမထောက်

လက်မပြောက်ခဲ့သူ ဖြစ်ပါတယ်။

(၂)

*အင်္ဂလိပ်ခေတ်– ဂျပန်ခေတ်ကနေ
ဖဆပလခေတ်– မဆလခေတ်
နဝတ– နအဖခေတ်အထိ
သမနိရှည်ကြာခေတ်တလျှောက်
မဖောက်မပြန် လူထုကြားမှာ
အတိုက်အခံ နိုင်ငံရေးသမားအဖြစ်နဲ့ချည်း တံခွန်ထူ
ပြည်သူတွေရဲ့ ဘက်တော်သား
အာဏာပလ္လင်ကြားမှာ မခိုဝင်
ကျွန်ခေတ်မှာ လူရာမဝင်ချင်သူလို့ပဲ ပြောရမလား
ဆရာကြီးမှိုင်းရဲ့ သားတပည့်ပီသစွာ
ဘဝတသက်တာလုံးကို မြှုပ်နှံ
နိုင်ငံချစ်သူစစ်စစ်ပီသ
စွမ်းနိုင်သမျှ သူထမ်းဆောင်
သခင် ခင်အောင် အဖမ်းမခံရဖူးတဲ့ခေတ်
တခေတ်မှ မရှိသလောက်
တောက်လျှောက်တိုက်ပွဲကြားက ဖြတ်ခဲ့တယ်။

* သခင်ခင်အောင်ရဲ့ သမိုင်းမှာ
မုန်တိုင်းနဲ့ ထောင်နံ့ရံ
အတိုက်အခံ နိုင်ငံရေးနဲ့ မြေအောက်လှုပ်ရှားမှု
စွန့်လွှတ်ရမှုနဲ့ လူထုတိုက်ပွဲ
ဂယက်ဝဲ အထပ်ထပ်နဲ့ စာမျက်နှာ
ပေးဆပ်ခဲ့ရတာတွေနဲ့ပဲ ပြည့်လျှမ်း

အောင်ပန်း တသီတရီ မပန်ခဲ့ရဖူးပေမဲ့
ထောင်နန်းအလီလီ စံခဲ့ရဖူးသော်လဲ အားမပျက်
အခန်းဆက်တာဝန်မှန်သမျှ သူထမ်းဆောင်
'သခင် ခင်အောင်' ဆိုတဲ့ နာမည်ဟာ
မိုးသောက်ကြယ်နီ မဟုတ်ပေမယ့် တလက်လက်
နိုင်ငံ့သမိုင်း ကောင်းကင်ထက်မှာ တဂုဏ်ဆောင်
ဂုဏ်ရောင်ပြောင်ခဲ့တာတော့ သေချာလှ
ဂါရဝတရားနဲ့ မှတ်တမ်းတင်
ဥဒါန်းတွင်ရစ် ပါစေသော်။ ။

✱ **ရမ်းဂါးညီလာခံ**။ ။ အိန္ဒိယနိုင်ငံအလယ်ပိုင်း ရမ်းဂါးမြို့မှာ ကျင်းပခဲ့တဲ့ အိန္ဒိယကွန်ဂရက်ပါတီရဲ့ ညီလာခံဖြစ်ပြီး၊ ၁၉၄၀ ပြည့်နှစ် မတ်လ(၂၉) ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။

# ရင်ထိုးလေးတခုရဲ့သမိုင်း

( ရဲဘော်အောင်နိုင်ဦး)

* အုံ့မှိုင်းစိမ်းမြ
တောတွေ တောင်တွေ လှိုင်းထနေသလို
ခံစားမှုတွေလဲ လှိုင်းထနေတယ်။

* ပဲခူးရိုးမ အရှေ့ခြမ်း
ခပ်ကြမ်းကြမ်း စီးဆင်းနေတဲ့
မုန်းချောင်းရေအလျဉ်...
သူ့ရင်က ပွင့်အန်ကျ
တီးတိုးစကားသံများ
သွေးနဲ့မျက်ရေစ
တခါက သမိုင်းကြောင်းအား
ပြန်ပြောင်းပြောပြနေတာများလား။

* တသသ စွဲကျန်ရစ်နေတယ်
ကွမ်းသီးခြံကြီးတွေ…
လယ်ကွင်းပြင်ကျယ်ကြီးတွေ…။

* အခြေခံစခန်းဟောင်း
မုံးချောင်းတနေရာမှ
ခြောက်ကပ်သွေးစတွေ အထပ်ထပ်နဲ့
အမှတ်တရအဖြစ်
ကျန်ရစ်တဲ့ ရင်ထိုးလေးတခုကတော့
သူရဲကောင်း ငါးဦးအကြောင်းပြောပြတယ်။

* တော်လှန်သူရဲကောင်းဝါဒ စိတ်ဓာတ်
တဦးကျရင် တဦးဆက်ခံ
အပြန်အလှန်လေးစား
တန်ဖိုးထား လက်ဆင့်ကမ်းခဲ့ကြ။

*ဒီရင်ထိုးကလေးကိုလည်း
တဦးကျရင် တဦးဆက်ခံ
အမွန်အမြတ်ပြုလေးစား
တန်ဖိုးထား လက်ဆင့်ကမ်းခဲ့ကြတယ်။

* တော်လှန်သူရဲကောင်းဝါဒီတွေ
ပါတီနဲ့ ပြည်သူအကျိုး
သယ်ပိုးကြစဉ်
မြတ်နိုးချစ်ခင်၊ နက်ရှိုင်းတဲ့သံယောဇဉ်နဲ့

လူတန်းစားအသိ
တွယ်ငြိခဲ့ကြပုံ
သမိုင်းရုပ်ပုံလွှာ အမှတ်တရ
ရင်ထိုးလေးက ပြန်ပြောပြနေတယ်။

* သူ့ရဲကောင်းငါးဦးရဲ့ ရင်မှာ
မြတ်နိုးစွာ ခိုတွယ်ခဲ့တဲ့ ရင်ထိုးလေး
သမိုင်းအတိတ် အရိပ်လိုကျန်ခဲ့ပေမယ့်
အရောင်မလွင့် စိတ်ဓာတ်မပျက်
ဆေးသားခိုင်နေဆဲ...
ရဲရဲနီစွေးလျက်။ ။

(မှတ်ချက်။ ။ ၁၉၇၀ ခုနှစ်များတဝိုက်က စစ်မြေပြင်တွင် ဤရင်ထိုးကလေးကို ချိတ်ကာ တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားခဲ့ကြသော–

၁။ ရဲဘော် (ဒေါ်)တင်ရီ ( တောင်ငူ အရှေ့ခြမ်း ဒေသတာဝန်ခံ)

၂။ ရဲဘော် ဗိုလ်လွင် ( တိုက်တိုင်းအောင်–၄ တပ်မှူး)

၃။ ရဲဘော် သန်းမြင့် ( တိုက်တိုင်းအောင်–၄ နိုင်ငံရေးမှူး)

၄။ ရဲဘော်တင်မြ ( ထန်းတပင်–မုံး ဒေသတပ်ကေဒါ)

၅။ ရဲဘော် (ဦး)ရဲအောင် ခေါ် ကျွန်းပြန်ဆရာအောင်ဝေ( ထန်းတပင်–မုံး ဒေသတပ် နိုင်ငံရေးမှူး)တို့အားဤကဗျာဖြင့်အလေးနီပြုလိုက်ပါသည်။)

# မသေတဲ့ ကျဆုံးခြင်း

(ရဲဘော် စောနောင်)

* နှင်းကွဲစ မြူစဲစ
ပထမဆုံး အလင်းစအောက်မှာ
လဲကျသေဆုံးနေသူ
သူ...သူ ဘယ်သူလဲ။

* တောင်ခြေတောအစပ်
ရိုးပြတ်ကွင်း
တောင်ယာ ဟောင်း မှာ
ထာဝရ အိပ်စက်သွားသူ
သူ...သူ ဘယ်သူလဲ။

* ယူနီဖောင်း အစိမ်း
မြေနီလိမ်းကျံ
ကျည်ဆန်ရာ ဗလပွ
သူ့ ရင်ဝမှာ။

* စုတ်ပြတ်ကျည်ကပ်
ခါးမှာ ပတ်လျက်သား
ကျည်ဆန်ကား မကျန်တော့
မြဲမြံစွာ ဆုပ်ကိုင်ထားတဲ့
သူ့ရဲ့ လက်ထဲမှာ

ယမ်းငွေ့မစဲသေးတဲ့ သေနတ်
မှန်တိုင်းသေနတ်။

* ဦးထုပ်ပေါ်က ကြယ်နီ
နီရဲဆဲ တောက်ပဆဲ...
နှုတ်ခမ်းဝက အပြုံး
အဆုံးမဲ့ ရွှန်းမြဆဲ...
ရဲရဲသိနေတဲ့
အနာဂတ်ရဲ့အရိပ်
မမှိတ်တဲ့ သူ့မျက်ဝန်းမှာ...
သူဟာ ဘယ်သူလဲ...ဘယ်သူလဲလေ။

* နံနက်ခင်း နေခြည်က
ဂုဏ်ပြုအပ်တဲ့ ရဲဘော်ကို
ကြိုဆိုပွေ့ဖက်
ထွေးယှက်ထားစဉ်
ကြေးစားစစ်သားရဲ့
မောက်မာတဲ့ အမေးစကား
"ခင်ဗျားတို့ သိရမယ်
သူ ဘယ်သူလဲ...သူ ဘယ်သူလဲ"တဲ့
ကျိန်ဆဲ ခြိမ်းခြောက် အော်ငေါက်လိုက်တယ်။

* ရှမ်း ဓနု အဖိုးအဖွား
လယ်သမား ယာသမား
ခေါင်းသာ တွင်တွင် ခါရင်း
သက်ပြင်းတချချ
ရင်ထဲက ဒဏ်ရာ

ဝေဒနာ အစုစု
မြို့သိပ်မှု ခြုံလွှာအောက်
လွှတ်မြောက်အန်ကျ
နှလုံးသားက စကားများ
ကြေးစားတို့ မကြားနိုင်ပါချေ။

* သူ...သူဟာ ဘယ်သူလဲ
သူ ဘယ်သူလဲ
ရဲရဲ ကြည့်မြင်လိုက်စမ်းပါ။

* ရှမ်းလား ဗမာလား
ခနလား ပအိုဝ့်လား
ခွဲခြားစရာ မလိုပါဘူး
သူဟာ ရဲဘော်
"ရဲဘော်" ဆိုတာ
ငါတို့အားလုံး ပေါင်းရုံးစုစည်း
လူထုကြီးရဲ့ သားကောင်းရတနာ
လူမျိုးများစွာ ဖြစ်နိုင်တယ်။

* သူ့ရဲ့မိဘ
အဝေးကလား၊ အနီးကလား
ဘယ်သူများ ဖြစ်မလဲ။

* ဒါဟာလဲ
မသဲကွဲ မရေရာ

မသေချာတာ မဟုတ်
စစ်အုပ်စု သံခွာအောက်
ပြားပြားမှောက် မွဲပြာကျ
အနာဂတ်သစ်အတွက်
ပေးဆက်ရင်းနှီး
သားသမီး ဆုံးရှုံးခဲ့ရသူ
ပြည်သူအထောင်အသောင်း
မိဘအပေါင်းဟာ
သူရဲကောင်းရဲ့အဖေအမေ
ဒါသေချာတယ်။

* ညီအစ်ကို မောင်နှမ
သူ့ဘဝမှာ ရှိခဲ့ပါသလား
ဘယ်သူများ ဖြစ်မလဲ။

* ဒါလဲ သေချာတယ်
အာဇာနည် အထောင်အသောင်းရဲ့
နီမောင်းတဲ့ သွေးခင်းလမ်း
မလျှော့တမ်း ခရီးဆက်သူ
သူ့လက်ထဲ
သေနတ်ကိုစွဲ
ရဲရဲ ချီတက်သူ
လက်ဆင့်ကမ်းပေးဆက်
တဖိုလ်ကျ တဖိုလ်တက်
ပြည်သူ့ဘဝ အနာဂတ်

ပြတ်ပြတ်သားသား ယုံကြည်သူ
မျိုးဆက်သစ် အပေါင်းဟာ
သူရဲကောင်းရဲ့ ညီအစ်ကိုတွေပဲ။

* သူ့ရဲ့ ချစ်သူ
ဘယ်သူ ဖြစ်မလဲ
မသဲကွဲ မရေရာ
မသေချာတာ မဟုတ်။

* စစ်အုပ်စု လုံ့စွပ်ဖျား
နှလုံးသား စတေးခဲ့ရသူ
ချစ်သူ မောင်ကြီးအတွက်
ခရီးကန္တာ
နွေတရာလမ်းမှာ
ကြွေ…ကြွေကာ နွမ်းခဲ့ရတဲ့
နွဲ့ထွေးနှမ
ချစ်တတ်ကြသူအပေါင်း
သူရဲကောင်းရဲ့ ချစ်သူပဲ
ဒါလဲ သေချာတယ်။

* ဘယ်သူတွေ ငြင်းနိုင်မလဲ
ရင်ထဲက စကားများ
ဓနု အဖိုးအဖွားများရဲ့
နှလုံးသားမှာ…
ပြည်သူတွေသာ ကြားနိုင်တယ်။

၁၅–၂–၁၉၈၀

(ပါလက်စတိုင်း ကဗျာတပုဒ်ကို မှီးပါတယ်။)

# ပျောက်ဆုံးနေသော မြေပုံအစုတ်ရူ(၁)

**ငြိမ်းချမ်းသူ**

* ငါကျဆုံးရင်
ငါ့ကို ဘယ်နေရာမှာ မြှုပ်မြှုပ်
ငါပြောဆိုနေမှာ မဟုတ်။

* အရှေ့ဘက်ဖြစ်ဖြစ်
အနောက်ဘက်ဖြစ်ဖြစ်
တောင်အရပ်ဖြစ်ဖြစ်
မြောက်အရပ်ဖြစ်ဖြစ်။

* ကုန်းပေါ်မှာ ဖြစ်ဖြစ်
လျှိုထဲမှာ ဖြစ်ဖြစ်
တောအစပ်မှာ ဖြစ်ဖြစ်
ချောင်းအကွေ့လေးမှာ ဖြစ်ဖြစ်။

* ဖြစ်ချင်တဲ့နေရာ
ဖြစ်ပါစေ...

* ဒါပေမဲ့
ငါ့မြှုပ်မယ့်နေရာ
ငါ့ထားမယ့်အရပ်ဟာ

ရောဝတီရဲ့ စိတ်ဓာတ်များ
မြစ်သံလွင်ရဲ့ တိုက်မောင်းသံများ
အစဉ်ကြားရတဲ့
အရပ်ဒေသ ဖြစ်ရမယ်။

* တို့သားချင်း ပြည်သူတွေနဲ့
တို့ရဲဘော်တွေရဲ့
အလံ တေးသံ၊ ဓားသွေးသံများ
ငြိမ့်ညံ့မပြတ်၊ မလစ်လပ်တဲ့
အရပ်ဒေသ ဖြစ်ရမယ်။

* ဟုတ်တယ်
ငါချစ်တဲ့ရဲဘော်
ငါချစ်တဲ့သူတွေနဲ့
နွေနွေဆောင်းဆောင်း
နေပူပူ မိုးရွာရွာ
ငါအတူတူ ရှိနေချင်တယ်
နီးချင်တယ်။

* ငါကျဆုံးရင်
ငါ့ကို ဘယ်နေရာမှာ မြှုပ်မြှုပ်
မြေပုံအုတ်ဂူ လုပ်လုပ် မလုပ်လုပ်။

။

( ၁၉၇၈ ခုနှစ်၊ ရှမ်းပြည်နယ်အလယ်ပိုင်း ရှမ်းဓနုဒေသ၌ အသက်သွေးပေးခဲ့သော ရဲဘော်မိုးကောင်း(ခေါ်)ရန်ကုန်လုပ်သားကောလိပ်မှ ကိုသင်းအောင်–သို့)

# ကျမ မှာလိုက်ပါရစေ

**ခန့်ဦး(မန်းတက္ကသိုလ်)**

(၁)

* ဒီမှာ ကိုရင်
တော်၇့ ခရီးတော်ဆက်
တော်၇့ အလုပ် တော်လုပ်
နောက်ဆုတ် ငဲ့မကြည့်နဲ့
မွဲမွဲတေတေ၊ စုတ်စုတ်ပြတ်ပြတ်
ကျမ ရပ်တည် နိုင်ပါတယ်။

* ရှင့်သမီးနဲ့ ရှင့်သား
ကျမ ကျွေးထားနိုင်ပါတယ်၊
အဖေ့ဝတ္တရား မကျေပွန်ဘူးလို့များ
ရှင့်သားနဲ့ ရှင့်သမီး
မငြီးငြူစေရဘူး
စိတ်ချ လက်ချ ခရီးထွက်

ကျမ ထန်းလျက် ချက်တတ်ပါတယ်။

* ဒါနဲ့ ရှင်သွားရင်
ပင်နီအင်္ကျီ၊ လုံချည်ဖျင်ကြမ်း
အပိုတထည် ထည့်သွား
တိုက်ပုံတော့ ယူမသွားနဲ့ပေါ့
ပြေးဟဲ့ လွှားဟဲ့
ကျားကျား လျားလျား
သွားရမယ့် ခရီးဝေး
နုံ့နုံ့နှေးနှေး၊ လေးလေးတွဲ့တွဲ့
မနေနဲ့ပေါ့
တော်က ခပ်အေးအေးသမား၊ မှတ်လား။

(၂)

* ဒီမှာကိုရင်
ထန်းတက်သလို
လမ်းတဝက်မှာ မနားနဲ့
ရှင့်ခါးကို အမြဲသွေး
တွေးတွေးဆဆ
ဝီရိယ သတိအမြဲ ရှိပါစေ
အရှုံးအကြောက်နဲ့
ဒူးမထောက်ခဲ့ပါနဲ့
အတွေးနောက်လို့
သွေးမဖျော့ပါစေနဲ့
ရှင့်သား ရှင့်သွေးရှင့်ကလေးတွေက
“ဒါမှဒို့အဖေကွ”လို့

ဂုဏ်ယူကြရပါစေ။

* သေတနေ့ မွေးတနေ့
 ပြန်တွေ့ကြဦးမယ်လို့
ကျမ မမျှော်လင့်ပါဘူး
ရှင့်ကို  မချစ်လို့တော့ မဟုတ်ဘူးနော် ။

(၃)

* ဒီမှာကိုရင်
ရှင့်ခရီးက ပုပ္ပားတောင်ထက် ကြီးမြတ်တယ်။
ရှင့်ရပ်တည်ချက်က
ထန်းလျှီးခားထက်ပြတ်သားတယ်။
ရှင့်သဘောထားက
ပတ္တမြားထက် တန်ဖိုးကြီးတယ်။
ရှင့်ဇနီး ကျမ သိသမျှ ပြောပါတယ်။

*ကဲ ကျမ နေရစ်ခဲ့တော့မယ်
လူမမယ် ရှင့်သား
နို့များ ဆာနေရော့မလား
သွားလေ တော်သွား
သွား
ကျမ မျက်ရည်ကျတော့မယ်။ ။

သူရဲကောင်းစာမျက်နှာ(၂)

# ငြိမ်းချမ်းစွာ အိပ်စက်နေပါစေ

* ပုပ္ပားတောင်ခြေမှာ
သူ့ရွာရှိနေရဲ့
ပုပ္ပားတောင်အနီးမှာ
ရှုမငြီးတဲ့
ချစ်ဇနီးနဲ့သား၊ သူချန်ထားခဲ့
အရှေ့ရဲ့ခေါ်သံ
သူ နာခံခဲ့။

* ညီအစ်ကိုတော်တွေနဲ့
သူ အနေပျော်ခဲ့ပါရဲ့
ရိုးသားမှုနဲ့နေတတ်သူ
ပွင့်လင်းတဲ့သူ
အလုပ်ကို မြတ်နိုးသူ
အဆိုးဆုံးတွေကြားမှာ
နေသားကျတတ်သူ
လက်ရဲဇက်ရဲ

အမျက်ထွက်ခဲ့သူ
တကယ်တော့ သူဟာ
အမှန်တရားမှာ ပျော်မွေ့သူပါ။

* ဆောင်းမပြောင်း နွေမကူးမီ
ပေါင်းလောင်းမှာ နေဦးမယ်တဲ့
အစားအသောက်ဆင်းရဲပေမယ့်
ဓားကောက်"ချင်း"ဆဲပါတဲ့။

* သူ့နှစ်မြှာ ရင်သွေးသားသစ်တို့အတွက်
သူ့ရာဇဝင် ရေးထားရစ်ခဲ့မယ်တဲ့
ဒဏ်ရာအကျက်မှာ
ရန်တကာ သူထွက်တိုက်ဦးမယ်တဲ့
ပေါင်းလောင်းချောင်းနားမှာ
သူ ဖျားနာနေပေမယ့်
ဆင်သေတောင်မှာ သူ အနေကြာပေမယ့်
မိုးကျရင် ရိုးမ ကူးမယ်တဲ့။

* မျက်လုံးအကြည်ဓာတ်မှာ
ပြတ်သားမှုတွေနဲ့သူ
သတိမလွတ် ဦးမညွှတ်ခဲ့သူ
အဆုံးထွက်သက်မှာ
အပြုံးမပျက် ကြုံးဝါးချက်နဲ့သူ
ဝိညာဉ်အလွင့်မှာ ကြည့်မြင်တာ မစွန့်ခဲ့သူ
ခန္ဓာကိုယ် အိုးစားအကွဲမှာ
ရန်တကာဖြို အငြိုးထားရဲခဲ့သူ
အခု...သူ

ဒဏ်ရာဒဏ်ချက် တနင့်တပိုးနဲ့
ပေါင်းလောင်းမြစ်ရိုးတလျှောက်မှာ
သွေးသောက်ညီနောင်နှစ်ယောက်နဲ့အတူ
အင်အားချင်းမမျှတဲ့
သုံးယောက်နဲ့တခွဲ
အဲဒီနေ့က တိုက်ပွဲမှာ ။

* ဓားကို ဓားနဲ့ တုံ့ပြန်ခဲ့ကြ
လှံကို လှံချင်း တုံ့နှင်းခဲ့ကြ
မြင်းကို မြင်းချင်း စီးချင်းထိုးကြ
သွေးချင်းချင်း အန်ထွက်
ပုပ္ပားမီးတောင် ထပွက်သလို
လျှံထွက်
ပေါင်းလောင်းရေပြင်ထက်မှာ
အနီရောင်လက်စေခဲ့တယ်။

*ပုပ္ပားတောင်ထိပ်မှာ
ဝိညာဉ်တို့ အိပ်စက်နေပါပြီ။
ပုပ္ပားတောင်ကလပ်မှာ
ရာဇဝင်ကမ္ပည်းကပ်ခဲ့ပြီ။
အဆုံးအဖြတ် နောက်ဆုံးတိုက်ပွဲမှာ
စိတ်ဓာတ်ခိုင်မာ မပြိုလဲခဲ့တဲ့ဝိညာဉ်တို့
အစဉ်ထာဝရ
ငြိမ်းချမ်းကြပါစေ။

(၁၉၉၄ ဇန္နဝါရီလ(၂၀)ရက်။ (၁၀၈–စစ်ဒေသ၊ ပေါင်းလောင်းခွင်မှာ ကျဆုံးသွားခဲ့တဲ့ ရဲဘော်အောင်မြင့်စိန်(ခေါ်) ရဲဘော်‘ကိုမောင်’နှင့်တကွ ရဲဘော်ထွန်းမြိုင်၊ ရဲဘော်ကိုဦးတို့…သို့)

# ရန်သူနံပါတ်တစ်

(အဖိုးမှိုင်းသို့)
အောင်ပင်လယ်

* သူ့ကို
နယ်ချဲ့ဖြိုတိသျှတွေက
ကြောက်ကြတယ်။

* သူ့ကို
ဖက်ဆစ်ဂျပန်တွေက ကြောက်ကြတယ်။

* သူ့ကို
တို့လူမျိုးအချင်းချင်း
မင်းလုပ်အုပ်စိုးသူတွေကလည်း
ကြောက်ကြတယ်။

* ဒါပေမဲ့
သူ့မှာ စစ်တပ်မရှိ
ထောက်လှမ်းရေးမရှိ၊

* သူ့မှာ
လေယာဉ်အမြောက်မရှိ
သေနတ်မရှိ။

* သူ့မှာ
ဥစ္စာမရှိ၊ အာဏာမရှိ။

* ရှိနေတာက
“ပြည်သူနဲ့ အမှန်တရားသစ္စာ
လူ့ဂုဏ်သိက္ခာ”။

* ရှိနေတာက
“ အသိ၊ သတိ
သတ္တိများစွာ”။ ။

# တော်လှန်တဲ့ ကမ္ဘည်းကျောက်စာတခု

**အောင်သွေး**

* ပထမအရွယ်၊ နုနယ်စဉ်တုန်း
နယ်ချဲ့ကိုမုန်းလို့၊ စည်းရုံးစိမံ
ဒေါင်းအလံကိုင်စွဲ၊ မိဘနဲ့ကွဲကွာ
ဆင်းရဲစွာ နေသူ။
* ဗမာမြေတပိုက်၊ နိပ္ပွန်အလံစိုက်တော့
လက်နက်ကိုပိုက်၊ ဂျပန်ကို ခံတိုက်သူ။
* ဂျပန်ပြေးတော့၊ ဗိုလ်ချုပ်ကိုလေးစား
ဗိုလ်ချုပ်စကား၊ အမြဲ ကြားနာခံယူ
ရဲဘော်ဖြူ...သူ။
* ဗိုလ်ချုပ်ကျဆုံး၊ နယ်ချဲ့ကိုမုန်းပြန်
လက်ဝေခံမလို၊ ဝေဖန်ပြောဆို
တောခိုသူ။
* ဒုတိယအရွယ်မှာ၊ ဥစ္စာမရှာဖြစ်
စစ်တပ်အာဏာလု၊ မဆလပြုတာ
မမှုဝေဖန်၊ အာခံပြန်တော့
ပထမအကျော့ ထောင်ကျ
ဘဝတက္ကသိုလ် ခိုရသူ။

* ထောင်ကထွက်လာ၊ စစ်အာဏာရှင်စနစ်
မနှစ်သက်ပြန်၊ တော်လှန်သလိုတွေး
တော်လှန်ရေးနဲ့ ကြီးပြင်းလာသူမို့
တော်လှန်ရေးသမားတွေကို ကူညီ
ဒီမိုကရေစီကို ရလိုသူ…သူ။
* သြော်…တတိယအရွယ်မှာတော့
ကျောင်းရိပ်မှာမခိုနိုင်၊
လောင်းရိပ်မှာပုံစံထိုင်ရ
တဘဝလုံး ပင်ပန်းခဲ့ရသမျှ
ဒီအရွယ်ကျမှ အနားယူ
ဘဝတူ–ကြင်ဖော်မွန်
ချစ်ခင်သူလဲ ပါ ပါရဲ့၊
မငဲ့ကိုယ်ကျိုး၊ မညှိုးသိက္ခာ
မညာလူထု၊ မမှုသေကြေ
မတွေဝေ၊ မတုံ့ဆိုင်းသူမို့
အုတ်တံတိုင်းပေါ်က
တော်လှန်တဲ့ သူ့ဝိညာဉ်
ဇမ္ဗူတခွင်တလွား
ပြည်သူတွေကြားမှာ ပွားများ
တောက်လျှောက် … … … … … …
… … … … … … …
ပေါက်ရောက်နိုင်ပါစေသတည်း။ ။

(နဝတ အင်းစိန်အကျဉ်းထောင်အတွင်း ကျဆုံးသွားသော… ဂျပန်ခေတ် စစ်တက္ကသိုလ်၊ တတိယပတ်ကျောင်းဆင်း "ဗိုလ်စက်ရောင်" သို့ ဦးညွှတ်ဂါရဝပြုလျက်)

# သွေးမျှင်ထဲက ပန်းအနီ

**(အောင်ငြိမ်း)**

* လောကကြီးမှာ
ရိုးဖြောင့်သူ
လူကောင်းလူမွန်
လူချစ်လူခင်များသူတွေ
ဘာကြောင့်များ
စောစီးစွာ သေဆုံးရတာပါလိမ့်။

* ဘုရားသခင်က
သူ ချစ်ခင်မြတ်နိုးသူတွေကိုမှ
ကောင်းကင်ဘုံသို့
စောစီးစွာ ခေါ်တတ်ပါသလား။

* အာဇာနည်
ပါရမီရှင်တွေ မှန်သမျှ
ဝိမုတ္တိဉာဏ် ထက်သန်လွန်းပေစွ။

* သူတို့ဟာ
ဘဝကိုချစ်
ပြည်သူကို ချစ်
တိုင်းပြည်ကို ချစ်တတ်
ကြီးမြတ်သူတွေ။

* သူတို့ဟာ
အလွမ်းတွေ အနန္တ
ခွန်အားတွေ တပုံတပင်
ထာဝစဉ် သစ်လွင်နေသူတွေ။

* သူတို့ဟာ
အနိမ့်ပျံ ကြက်တွေမဟုတ်
အမြင့်ပျံ လင်းယုန်ငှက်တွေ။

* သူတို့ဟာ ဓား၊ သူတို့ဟာ အား
သူတို့ဟာ အလွမ်း၊ သူတို့ဟာ ပန်း
သူတို့ဟာ အမတေ သူတို့ဟာ အသခြေ။

* သူတို့ရဲ့
တိုက်ပွဲထဲက ဘဝ
ဖိနှိပ်မှုကို အံ့ကြွခုခံ
သံမဏိသားကျ တောက်ပ
နုပျိုစိမ်းလန်း ရွှန်းမြ
နွေဦးလို သန့်စင်လှပ။

* ရှုံးနိမ့်မှုနဲ့
ကြုံတွေ့ရတဲ့အခါ
သူတို့ဟာ ခွန်အားတွေပါ
အထီးကျန်မှုနဲ့
ခြောက်ခြားနေစဉ်မှာတော့
သူတို့ဟာ အဖော်မွန်တွေပေါ့
မျှော်လင့်ချက်တွေ အမှောင်ကျနေတဲ့ကာလ
သူတို့ဟာ မီးရှူးတန်ဆောင်တွေပ။

* မငိုနဲ့နော် မငိုပါနဲ့
မိခင်ဗမာပြည်
အာဇာနည် သားတွေအတွက်
နမြောတသ
ရှိုက်သံကိုမျှ မထွက်စေရ။

* မငိုနဲ့နော် မငိုပါနဲ့
မိဘပြည်သူ
ချော်ရည်ဆူပွက်
မိုးသက်လေထန်
တော်လှန်တေးကို သီဆိုကြ။

* မငိုပေမယ့် ကျတဲ့မျက်ရည်
ဖြေဆည်ဟန့်တား၊ တားမရဘူး
နလုံးသားမှ အုံကြွလှုပ်ခါ

ရောဂဝတီ ငိုလေပြီ။

* မငိုပေမယ့် ရှိုက်တဲ့အသံ
ပဲ့တင်ရိုက်ခတ်၊ ဆတ်ဆတ်တုန်ခါ
ရိုးမတောင်ပြာ ဟိန်းလေပြီ။

* ရန်သူဟာ
သစ္စာဖောက် တထောင်ထက်
အာဇာနည် တယောက်ကိုသာ
ကြောက်လန့်ခြောက်ခြားကြတာပါ။

* သူရဲဘောကြောင်သူတထောင်ထက်
သူရဲကောင်းတယောက်ရှိတာ
ငါတို့မှာ ဂုဏ်ရှိပေစွ။

* အောင်ပွဲရဖို့
လက်တကမ်းအလိုမှာတောင်
သူရဲဘောကြောင်သူနဲ့ သစ္စာဖောက်
ပေါ်ပေါက်တတ်တာ
သမိုင်း သင်ခန်းစာ ရှိပါတယ်။

* ပြည်သူ အသိန်းအသန်း
အာဇာနည်တွေရဲ့ သွေးခင်းလမ်း
လျှောက်လှမ်းလာတဲ့အခါ
သူရဲကောင်းတို့ရဲ့ စိတ်ကူးစံ

သန္နိဋ္ဌာန်နဲ့ ရည်မှန်းချက်
လက်တွေ့အသက်ဝင်
အောင်ပွဲ မုချဆင်လိမ့်မယ်။

* သွေးမျှင်လျှပ်စစ်
သိုင်းခြုံရစ်ငင်
ရာဇဝင်အုံကြွ
မြစ်မရော
ပန်းပေါင်းတရာ
ဝေဆာပွင့်ဖူး
အရှက်ဦးမှာ
အနီရောင်ပန်းများ လန်းပါစေ။ ။

( စစ်အစိုးရ အကျဉ်းထောင်အတွင်းမှ
အာဇာနည်များသို့)

# ရာဇဝင်တွင်မယ့်ဝိညာဉ်များ

(မောင်သန်းမြရွှေ)

* မြဆူးတောအလယ်
တောခွေးအုပ်နဲ့ကျား
အင်အားချင်းမမျှ
တယောက်နဲ့တရာ
ရင်ဆိုင်ခဲ့စဉ်က
ဦးမညွတ် ဒူးမထောက်
နောက်ဆုံးသွေးတစက် ကျန်တဲ့တိုင်
လှေ့ခွက်ချည့်ကျန် အလံမလှဲသူ။

* စစ်အာဏာရှင်က
ဆိုင်းဘုတ်ဖြုတ် တံဆိပ်တုံးအပ်
ကိုယ့်တပ်ကိုယ် အဖျက်ခိုင်းတဲ့အခါ
မင်းတို့ဘာသာ ဖျက်ချင်ဖျက်
ငါ့ ရင်ထဲမှာ ဘယ်တော့မှ မပျက်
အာဏာဖီဆန်

တော်လှန်ရပ်တည်
ကျောက်သားလို တည်ကြည်သူ။

* စစ်အစိုးရက
တိုင်းပြည်က ထွက်သွားပါ
ချက်ချင်းလွှတ်ပေးမှာပါဆိုတော့
သံတိုင်ကြားက ခေါင်းခါ
မဆိုင်တဲ့မေးခွန်းပါကွာ ဆိုပြီး
လေကုန်ခံ ပြန်မပြော
သဘောထားတင်းမာသူလို့
တံဆိပ်တပ်ခံရ
ဖွဲ့သာမက အသဲပါမာသူ။

* ‘ရော်ဘင်ဆန် ကရူးဆိုး’လို
ကျွန်းကလေးမှာ တယောက်ထဲ
သုခဘုံ ငရဲခန်း
စခန်းသွားပေတော့ဆိုတဲ့
စစ်အုပ်စုရဲ့ စီမံချက်
အသက်ပေးတွန်းလှန်
ပြတ်သားတဲ့ သန္နိဋ္ဌာန်နဲ့
ပြည်သူထံ အရောက်ပြန်
အမြင့်ပျံ လင်းယုန်ငှက်လို လူ။

* “အလွယ်လေးပါဗျာ
အုတ်တံတိုင်းလေးပဲ ခြားတာ

ဟောဒီမှာ လက်မှတ်ထိုး
အဖိုးတန်အချိန်တွေ အကုန်မခံပါနဲ့
ခု ချက်ချင်းလွတ်မြောက်
အပြင်ရောက်စေမယ်” ဆိုတဲ့စကား
ပျက်လုံးကောင်းတပုဒ်အလား
ဟားတိုက်ရယ်မောရင်း စီးချင်းထိုးသူ။

* “ပစ်ရင် မိုးပေါ်ထောင်ပစ်မှာ မဟုတ်
တည့်တည့်မှန်အောင် ပစ်မယ်” ဆိုတဲ့
စစ်အာဏာရှင်ကြီးရဲ့ ကြိမ်းဝါးသံ
အံတုအာခံ
လျှံကျလာတဲ့ လှိုင်းလုံးများ
မကြောက်တရား ကိုင်စွဲချီတက်မြဲ
မီးသွေးခဲလိုမမဲ
ကျောင်းတော်သားလို ရဲကြသူ။

* သူကျွေးတာကို မစားလို
သူ့သမီးလဲ မယူလို
ဒဏ်ရာကို ဆေးကုမခံ
“သုံ့ပန်း”ဘဝနဲ့ အောက်ကျမခံ
သေခြင်းကိုသာ တောင်းခံခဲ့သူ
မင်းရဲကျော်စွာ
ရာဇဝင်ထဲက သူရဲကောင်း
သမိုင်းကောင်းခဲ့ပါတယ်။

* ဒီဇမ္ဗူမှာ
မြင်းတစီး ဓားတလက်

ဘယ်ရန်ဘက်နဲ့မဆို
တိုက်ရဲခဲ့သူ
သမီးပေး သူကောင်းပြု
သူ့မြေမှာ သူ့ဆန်စားပေမယ့်
"ကျွန်"ဆိုတဲ့ စကားလုံး
ခါးသီးအောင် မုန်းခဲ့
သမိန်ဗရမ်းဆိုတဲ့ သူရဲကောင်း
သမိုင်းကောင်းခဲ့ပါတယ်။

* နယ်ချဲ့စစ်သင်္ဘောများ
ဗြိတိသျှ အလံတလူလူနဲ့
ဧရာဝတီကို ဆန်
ပုဂံကို ကျော်
နေပြည်တော်အထိ တက်အလာ
"မခုခံရ"ဆိုတဲ့
ဖောက်ပြန်တဲ့ ရာဇသံ
အာခံခဲ့တဲ့ မြင်းခြံခံတပ်
ရာဇဝင်ထဲက ဖြစ်ရပ်အပေါင်း
သမိုင်းကောင်းခဲ့ပါတယ်။

* သူလိုလူ
သူလိုလူတွေ
အမိမြေရဲ့ လမ်းပြကြယ်
ရိုးမတောင်များလို ခံ့ထည်။
* တော်လှန်ရေးများဟာ
ရာဇဝင်ကို မောင်းနှင်သွား

စက်ခေါင်းများပဲပေါ့။

* တိုက်ပွဲဆိုတာ
အဖိနှိပ်ခံများရဲ့ ပွဲတော်
အာဇာနည်တို့ရဲ့ ဥယျာဉ်
ယုံကြည်ချက်တို့ရဲ့ သစ်ပင်
မုန်တိုင်းထဲက ဂီတ
ဖိရင်ကြွတဲ့ ဝိညာဉ်များ
ပြန်လည်ရှင်သန် ထမြောက်ကြ။

* ဖိနှိပ်ရဲတာ
အားကြီးတာ မဟုတ်
ခုခံရဲတာမှ
မကုန်ခန်းနိုင်တဲ့ အင်အား
တိုးပွားခြင်း ဖြစ်တယ်။ ။

# သူ့ရဲ့ကောင်းစာမျက်နှာများစွာ

**(ညိုစိန်ဝင်း)**

(၁)

* အံ့ကြိုတ်နာကြည်း
ရန်သူအပေါ် မုန်းတီးမှုဒေါသနဲ့
ဆူနာမီ လှိုင်းထသလို
တောတွေတောင်တွေ ခုံးကြွ ရန်းထလာ
ရင်ခုန်သံ စည်းချက်မြန်လာတဲ့ "ရိုးမ"ဟာ
သူ့ရဲ့ကောင်းတွေရဲ့ ရင်ကိုခွဲကြလို့
ရင်ထဲက နှလုံးသားအမတောကို
မြင်လိုက်လေသောအခါ… …
လျှပ်စစ်လက်သဲတွေ
မိုးမဲမျက်နှာကုတ်ခြစ်ကြ
မိုးကြိုးတွေ ထစ်ချုန်း
ဝါးတောတွေ ယိမ်းခါ အံ့ကြွ
တဖျောင်းဖျောင်းမြည်ဟည်း
တောမီးတွေ ကောင်းကင်အထိ တက်စွဲ
သူ့ရဲ့ကောင်းအသီးသီးကို

ကောင်းချီးသြဘာ၊ ပေးလိုက်ကြပါတယ်။

* ရင်ကို ခွဲတဲ့အခါ
သူရဲကောင်းတို့ရဲ့ အစာအိမ်မှာ
သစ်ရွက်စိမ်းတချို့၊ မျှစ်စိမ်းတချို့သာ။

* သူရဲကောင်းတွေ ဆုပ်ကိုင်ထားတဲ့
ကာဘိုင်သေနတ်နဲ့ ကျည်ကပ်တွေထဲမှာ
ကျည်ဆန်ဆိုလို့ တတောင့်မှ မချန်
တတောင့်မှ မကျန်
"ကျည်ဆန်တတောင့် ရန်သူတယောက်"
စိတ်ဓာတ်နဲ့
အသုံးပြုခဲ့ကြတာ၊ သေချာပါတယ်။

* နောက်ဆုံးထွက်သက်မှာ
"အင်တာနေရှင်နယ်" သီဆိုရင်း
အနာဂတ်အလင်းကို မျှော်ငေးသွားတဲ့
သူရဲကောင်းတို့ရဲ့ဘေးမှာ
သူတို့ကိုယ်ပိုင် ဥစ္စာဓနဆိုလို့
"နေရှင်နယ်"လေး တလုံးစီမျှသာ။

* လူယုတ်မာတို့က
ခေါင်းကို ဖြတ်လိုက်ကြ
ခေါင်းဖြတ်လို့ ခေါင်းပြတ်သွားပစေ
သူရဲကောင်းတွေရဲ့ ဂုဏ်ကျက်သရေ
ဝေမြဲဝေဆဲ…ဝင်းလက်ဆဲ

ဒီမြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ
ဝင်းဝင်းလက်လက် ကောင်းကင်ထက်မှာဝေ
ရဲဘော်တွေအတွက် စိတ်ဓာတ်အားအင်
ထာဝစဉ် ဖြည့်ဆည်းပေးနေဆဲပါ။

* သူရဲကောင်း ရင်ကိုခွဲ
သူရဲကောင်း ရင်ထဲက
သူရဲကောင်းအသဲဟာ
အလင်းစက်တွေ စင်ထွက်ဖြာ
တို့ကိုယ်ပေါ် ကျလာတယ်။

* ကျွန်တော်တို့ ရှေ့မှာ
သူရဲကောင်း စာမျက်နှာများစွာ...။ ။

(၂)

* သူ့ကိုယ်ပေါ်က အလင်းဝိညာဉ်
ကျွန်တော်မြင်နေပေမယ့်
သူရဲ့ အနာဂတ် သူရဲကောင်း ရုပ်ပုံကားချပ်
ကျွန်တော် ကြိုမမြင်
ကြိုတင် မဖတ်တတ်ခဲ့ဘူး။

* လက်ဆွဲနှုတ်ဆက်
ကျွန်တော်ထွက်လာခဲ့တဲ့အခါ
သူဟာ...
အမှောင်ထုထဲမှာ ရုပ်လျက်

ကျွန်တော့်ဘက် ငေးကြည့်နေတာ
မြင်ယောင်နေဆဲပါ။

* “၄၈၂၈”
ပါတီကို ချစ်၊ ပြည်သူကိုချစ်တဲ့
ပြည်ချစ်ဒီရဲဘော်ဟာ
ထောင်ထဲမှာ…
နောက်တခါ ထောင်ထဲမှာ…
“အိမ်မှာ ဘာတွေပဲ ဖြစ်ဖြစ်
သူချစ်တဲ့ စာအုပ်တွေသာ
မပျက်စီးပါစေနဲ့”တဲ့
ဇနီးသည်အတွက်
ပါးလိုက်တဲ့ သူ့ရဲ့မှာတမ်းစာ
သူ့အိမ်ဟာလဲ စစ်အစိုးရ
အကျဉ်းထောင်တခုပါပဲ
အိမ်လဲ မီးစွဲလောင်မြိုက်ခံရ
မိသားစုလဲ ဆင်းရဲဒုက္ခလောင်မြိုက်ခံရ
သမီးလေးဘဝ ပျက်စီးရ
သားလေးဘဝ လေလွင့်ပျောက်ကွယ်ရ
နိုင်ငံရေးအကျဉ်းသား ဘဝ
တကိုယ်တည်းသာ
အကျဉ်းခံရင်းနှီးရတာမဟုတ်
ဆက်နွယ်သူ ဘဝများစွာ မြှုပ်နှံရ
အကျဉ်းဒဏ်ဝေဒနာနဲ့
ကျဆုံးသွားခဲ့သူ
သူ့လိုလူကို တင်စားစရာ

မြင်လိုက်မိတာကတော့
ကန္တာရကျောက်တော
ကျောက်ဆောင်အမြင့်မှာ
ကျောက်ဆောင်ကျောက်သားကို
ထိုးဖောက်ခွဲဝက်
သွေးအစက်စက်နဲ့ ရှန်းကြွဖူးပွင့်လာတဲ့
ငွားငွားစွင့်စွင့် "သစ်ခွနီတပွင့်"။

* နောက်တယောက်မှာ
ပန်ဆန်းမှာ အတူအနေကြာလဲ
သူ့ခေါင်းက ကြယ်နီကိုသာလျှင်
ကျွန်တော်မြင်ခဲ့
သူ့ရဲ့မြင့်မြတ်စွန့်လွှတ်သွားတဲ့ အနာဂတ်
ကျွန်တော်ကြိုတင် မဖတ်တတ်ခဲ့ဘူး။

* လက်ဆွဲနှုတ်ဆက်...
မြင်းရိုင်းကြီး ဒုန်းစိုင်းနေသလို စီးဆင်းနေတဲ့
"သံလွင်"ရဲ့ ဟိုဘက်
သူ ထွက်သွားတဲ့အခါ
သူ့ဘက်ကို ငေးကြည့်
ရပ်ကျန်ရစ်သူက ကျွန်တော်ပါ။

* ကျွန်တော့်ဘေးက
သူရဲကောင်းတယောက်ထွက်သွားခဲ့တာ
ကျွန်တော်သိလိုက်တဲ့အခါ...။

* ကျွန်တော်တို့ရှေ့မှာ
သူရဲကောင်း စာမျက်နှာများစွာ။

(၃)

* ကျွန်တော်တို့ရှေ့မှာ
သူရဲကောင်း စာမျက်နှာ များစွာ။

* ကျွန်တော်ထိတွေ့ရတဲ့
ဦးသံဒိုင် အလုပ်ချိန်ချွေးစက်တွေဟာ
အလင်းစက်တွေပဲ ဆိုတာ...။

* ဦးဖြိုးသာရဲ့
စပါးရိုက် လက်တွေဟာ
ဒိုင်းလိုမာပြီး
လှံလို ထိုးဖောက်တတ်တယ်ဆိုတာ...။

* မောင်ချစ်ခင်ရဲ့ စာအုပ်တွေကြားက
ခွပ်ဒေါင်းငှက်တွေ ပျံထွက်သွားကြတာ...။

* ကိုဘမှန်ရဲ့ မျက်မှန်ကျောက်သားမှာ
နာကြည်းမှု အရိပ်တွေ
ထင်ဟပ်ဖိတ်လျှံနေတာ...။

* ဒေါ်သိန်းရှင် ထုထောင်းနေတဲ့

ရေတ်ဆုံထဲမှာ
ကျိန်ဆဲသံတွေ မိုးမွှန်နေတာ...။
* ဒါပေမဲ့
အနာဂတ်ကို
ကျွန်တော်မဖတ်တတ်ခဲ့ပါဘူး။

* သူတို့တတွေ...
တူညီတဲ့ ရည်ရွယ်ချက်တခုနဲ့
စုစည်းသွားမိကြတဲ့အခါ...။

* အဲဒီနေ့ကျမှ အထင်းသားမြင်လာရ
ကောင်းကင်ကို ခေါင်းနဲ့တေ့ဖို့
တလိပ်လိပ်နဲ့
အံ့မခန်း မြင့်မားထိုးတက်လာတဲ့
လှိုင်းလုံးကြီးတွေရဲ့ ရှေ့ဆုံးတပ်ဦးမှာ
အလို...
သူတို့တတွေဟာ
သူရဲကောင်း ရုပ်ပုံလွှာတွေပါလား။

* မိုးမြေကို မှောက်လှန်ဖို့
မှုန်မှုန်ဆန်ဆန် ပုန်ကန်
အရှိန်အဟုန်နဲ့ ပြေးဝင်လာတဲ့
မုန်တိုင်းကြီးရဲ့ ရှေ့ဆုံးတပ်ဦးမှာ
သူတို့ဟာ အလံကိုင်တွေပါလား။

* အလံတော်ကို စွဲမြဲကိုင်လျက်

သွေးချင်းချင်းနီပေမယ့် ဘာမထီတဲ့
သူတို့ဟာ
သူတို့ရင်ကိုခွဲ
သူတို့အသဲ
သူတို့နှလုံးသားကို
ဆွဲနုတ်ကိုင်မြှောက်လိုက်တဲ့အခါ…
အလို…
တို့ကို အလင်းနဲ့ လမ်းပြပေးနေတဲ့
သူရဲကောင်းတို့ရဲ့
**“နှလုံးသားမီးရှူးတန်ဆောင်”**ပါတကား။

(ပြည်သူ့သူရဲကောင်းများနဲ့
သူရဲကောင်းဗမာပြည် ပြည်သူလူထုကြီးသို့)

# သူရဲကောင်း
# သွေးသွန်းပန်းပုသစ်
# လှလှပပ ထုဆစ်သွားခဲ့တယ်။

မောင်လှဝင်း(မြင်းခြံ)

* "မပြီးဆုံးသေးတဲ့
တော်လှန်ရေးလမ်းခရီး
ပညာတတ်တို့ ပါဝင်ပေါင်းစည်း
အချည်းနှီးမဟုတ်
ပစ္စည်းမဲ့တို့ရဲ့ ပခုံးရိုးကို ပုတ်လို့
လှုပ်နှိုးထားခဲ့လိမ့်မယ်"

(လီနင်)

* လီနင်ရဲ့
သွန်သင်စကား
နှလုံးသားမှာ သိမ်းဆည်းထား
နှုတ်ဖျားက တဖွဖွ ရွတ်ဆိုခဲ့တဲ့...သူ။

* ၁၉၉၈ မေလ ၅ ရက်
နံနက်ခင်း
လင်းအရုဏ် ရောင်ခြည်မျှင်က
အကျဉ်းခန်းထဲ ဖွဖွလေး တိုးဝင်လာတဲ့အချိန်
"အလင်း"ကို သူ ဖူးတွေ့ဦးခိုက်လိုက်တယ်
"နေလိမ္မော်"ကို သူ မျှော်ရည်
နှုတ်ဆက်လိုက်တယ်
သူ့လက်က သံတိုင်များကို
ပြတ်သားတဲ့ သန္နိဋ္ဌာန်နဲ့
တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ
လှိုက်လဲ လေးနက်စွာ
သူ သီဆိုလိုက်ပါပြီ
**"ထလော့...အင်္ဂတေဘေး ကျရောက်သူ**
**တို့တတွေ**
**ထလော့...ကမ္ဘာတဝှမ်းက**
**ကျေးကျွန်တွေ"**...။

* တကမ္ဘာလုံး မကြားပေမယ့်
သာယာဝတီ ထောင်တံတိုင်းများအား
သူ့ တေးသံ ပျံ့လွင့်ရိုက်ခတ်သွား
ပါးကွက်သားတို့ တုန်လှုပ်ခြောက်ခြား
ပြေးလွှားသတင်းပို့ကြ
တိုက်ပွဲ စခဲ့ပြီ။

* "အကျဉ်းသားထုအခွင့်အရေး–
အပြည့်အဝပေး"

မပေးလို့ ဖိဆန်တော်လှန်
အစာငတ်ခံတိုက်ပွဲ
စစ်အုပ်စုကို ရဲရဲကြီး စိန်ခေါ်လိုက်ပြီ။

* ဘဝက တော်လှန်တဲ့ ပညာတတ်
ဖတ်တာက မှော်က်စ်ဝါဒ
စိတ်ဓာတ်က ပစ္စည်းမဲ့
"ကျွန်တော်တဦးတည်းရဲ့ ကိုယ်စားပြုမှုဟာ
ဗမာပြည် ကွန်မြူနစ်ပါတီပါ"တဲ့
သူ ရဲရဲ ကြွေးကြော်ခဲ့။

* ထိတ်ပျာတုန်လှုပ်
ထောင်အာဏာပိုင်လူယုတ်တို့
စုတ်ပဲ့တဲ့အကြံဉာဏ်နဲ့
'အစာငတ်ခံတိုက်ပွဲ' ကို ဖြိုခွဲဖို့
စဉ်းလဲကောက်ကျစ်ကြပြီ။

* **"ရေဖြတ်ကြသတဲ့လား"**
ပြည်သူကို ချစ်တဲ့
ပြည်ချစ်ဘက်တော်သား
မီးစားတောင် ခံဝံ့တဲ့ သံမဏိ ကွဲ့
အစာနဲ့ ရှင်သန်နေတာမဟုတ်
စိတ်ဓာတ်နဲ့ ရှင်သန်နေတာ
ရေနဲ့ ရှင်သန်နေတာမဟုတ်
ယုံကြည်ချက်နဲ့ ရှင်သန်နေတာ
"အသက်ရှူရပ်အောင် လေကိုပါ
ဖြတ်ကြဦးမလား"

တိုက်ပွဲကိုတော့ မရပ်
"သတ်လှည့်ကြဟေ့"
ပစ္စည်းမဲ့တို့ရဲ့ ဂုဏ်ကို မညှိုးနွမ်းစေရ
သေမင်းနှုတ်ခမ်းကိုသာ နမ်းရှိုက်မယ်။

**✳"ရေဖြတ်ကြသတဲ့လား"**

သူ့မှာ
အစာမရှိ အားမရှိ
ဒါပေမဲ့ တော်လှန်တဲ့ အားမာန်အပြည့်။

**✳ "ရေဖြတ်ကြသတဲ့လား"**

သူ့မှာ ရေမရှိ
တစက်...တစက်...
ရေတစက်
ရေရဲ့အသက် တမနက်
ရေတစက်ရဲ့ ထုထောင်းမှုဟာ
ထုထောင်းနေတဲ့
တချက်ချင်း...တချက်ချင်းမှာ
ပြင်းသထက် ပြင်းထန်လာ။

**✳ "ရေဖြတ်ကြသတဲ့လား"**

ရေရဲ့ခြိမ်းခြောက်မှု အမှောင်ထုထဲ
တိုက်ပွဲဆင်ရတာဟာ
အခေါင်ဘဏီတပ်ကြီးနဲ့ တိုက်နေရတဲ့ ပမာ...
မိုးသက်မုန်တိုင်းကြီး သုံးခု
စုစည်းထိုးနှက်ခံရတဲ့ပမာ...

ကျောက်တံတိုင်းကြီး ခုနစ်ခု
တခုချင်းခေါင်းနဲ့ ထိုးဆောင့်နေရတဲ့ပမာ…
သည်းအူသွေ့ခြောက်
အာတွေ လျှာတွေ မီးလိုတောက်
ခန္ဓာကိုယ် ပေါက်ကွဲပွင့်ထွက်မတတ်
ရေငတ်နေတဲ့ ခုလိုအချိန်မှာ
ကမ္ဘာပေါ်မှာ အချိုမြဆုံးအရသာ
လျှာပေါ်တင်လာတဲ့ ရေတစက်ပဲ ဖြစ်မှာပါ
ဒါပေမဲ့…မသောက်…မသောက်…
ရေ လုံးဝမသောက်
အသဲ မီးလို တောက်နေသလို
ဖွဲလဲ မီးလို တောက်တယ်ဟေ့။

*** "ရေဖြတ်ကြသတဲ့လား"**
တစက်…တစက်…
ရေတစက်…
သူ့အိပ်မက်ထဲမှာ
အနာဂတ် နိုင်ငံတော်သစ်နဲ့
ရစ်ခွေစီးဆင်းနေတဲ့
စမ်းချောင်းလေးတခုလေ…
စမ်းရေအေးမြ
သူ တဝကြီး သောက်ပစ်လိုက်တယ်။

* စိတ်ဓာတ်က သံမဏိလိုမာပေမယ့်
ခန္ဓာကိုယ်က ရေမရလို့
အဖျား စ ဝင်လာပြီ။

* သူ မမြင်တာ မဟုတ်
မြင်တယ်...
သေမင်းကို သူ မြင်တယ်
ရဲရဲလဲ ကြည့်တယ်
သူ့အကြည့် စူးရှလွန်းတော့
အနာဂတ်အလင်းကိုလည်း
ဖောက်ထွင်းမြင်တယ်
စိုးမိုးနေတဲ့ အမှောင်ထုကို
မြင့်မြတ်မှုနဲ့ဖြိုခွဲခဲ့တဲ့
နောင်တော်တို့ရဲ့ ဂုဏ်ကျက်သရေကိုလည်း
သူမြင်နေတယ်
သေမင်းဆီ တည့်တည့်
မထီတရီ အပြုံးနဲ့
သူ
တည်ငြိမ်စွာ တလှမ်းချင်း... ...။

* အာဏာပိုင်တွေက
တိုက်ပွဲကို ဖြိုချဖို့
ရေဖြတ်လို့လဲ မရ
ချော့မြှူလို့လဲ မရ
**"သည်တဦးသေသွားက**
**တိုက်ပွဲမှာ သူတို့ရှုံးရပြီ**
**စိတ်ဓာတ်အရ**
**သူတို့ ရှုံးပြီ"**
မရှုံးမီအတွင်း
အချိန်မီချက်ချင်း

အတင်း ဆေးကုသ
အပ်တွေစိုက်
ပိုက်တွေသွင်း
ဆေးပုလင်းတွေ ချိတ်။

* သူကလဲ
သေမင်းထံ
အသက်အပ်နှံထားပြီးသား
အပ်စိုက်မခံ ငြင်းဆန်
ဆေးပုလင်းတွေ တွန်းဖယ်ပစ်
ပိုက်တွယ်တာတွေ ဖြုတ်
ဒူးမထောက် နောက်မဆုတ်
တောက်ပတဲ့ ဂုဏ်ပုဒ်
မြင့်မြတ်တဲ့ အရောင်အသွေး
အသက်ပေးပြီး
လှလှပပ ရေးခြယ်သွားတယ်။

* အသက်ပေးသူက
အောင်ပွဲရခဲ့တာ
တနေ့သောအခါ
ပို သိလာကြလိမ့်မယ်။

* ၈ ရက်နေ့ည
သူ့အလောင်းအား၊ အမှောင်ထုကြားကနေ
ခိုးကြောင်ခိုးဝှက် ကပ်နဲ့သယ်ထုတ်သွား
ကြေးစည်မထု တရားမနာ

မြှုပ်နှံမထင်မရှားသာ
ဒါပေမဲ့
သူရဲ့သေခြင်းကား
မြင့်မြတ်သည်နှင့်အမျှ ခမ်းနား
ခမ်းနားသည်နှင့်အမျှ ဂုဏ်ရောင်ပြောင်
သူကိုင်ဆောင်ခဲ့တဲ့ သည်အလံကို
ဆက်ခံမယ့်လူငယ်တွေ...
ဟောဟိုမှာ...လာပြီ...လာနေပြီ
တပ်ကြီးချီလို့ လာနေကြပြီ။

* တိုက်ပွဲမပြီးသေးတဲ့
လမ်းခရီးမှာပဲ
တကမ္ဘာလုံး သိကြားအောင်
အော်ဟစ်ပြောကြားလိုက်ချင်တယ်
**“ရဲဘော်ရေ...ဂုဏ်ယူတယ်သင့်အတွက်”။**

**(သာယာဝတီထောင်အတွင်း ၁၉၉၈ မေလ ၈ရက်နေ့ညက အစာငတ်ခံ တိုက်ပွဲဝင်ရင်း ဂုဏ်ပြောင်စွာ ကျဆုံးသွား ခဲ့ရသော “၄၈၂၈ ရဲဘော်” ကိုအောင်ကျော်မိုးကို ဂုဏ်ပြုဖွဲ့ဆိုပါတယ်။)**